မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၁၇)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါကစ္စတန်နိုင်ငံ သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၆ ကော်လံ ၁ ●

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါကစ္စတန်နိုင်ငံ သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတ ဦးဆောင်သည့်

စာမျက်နှာ ၆ ကော်လံ ၁ ✻

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်)

ကျေးဇူးရှိခြင်းနှင့် ကျေးဇူးသိခြင်း

လောက၌ ကျေးဇူးတရားနှင့်ကင်းသူဟူ၍မရှိကြ။ လူတစ်ဦးသည် နှုတ်၏စောင်မခြင်းကြောင့်ဖြစ်စေ၊ ကိုယ်၏စောင်မခြင်းကြောင့်ဖြစ်စေ မိမိအပေါ်၌ တစ်စုံတစ်ရာ ကျေးဇူးတရားရှိနေတတ်၏။ ကျေးဇူးတွင် ပေးခြင်းနှင့် ရယူခြင်းဟူ၍ရှိသည်။ ပေးသူသည် ကျေးဇူးရှင်ဖြစ်ပြီး ရယူသူမှာ ကျေးဇူးခံဖြစ်၏။

ကျေးဇူးတရားသည် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ကျေးဇူးပြုသူနှင့်ကျေးဇူးဆပ်သူ၊ အလုပ်ရှင်နှင့်အလုပ်သမား စသည်တို့ကြားတွင် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုသကဲ့သို့ အပြန်အလှန် အမှီသဟဲပြုနေတတ်၏။ ထိုကျေးဇူးတရားများအနက် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်တို့ကြားတွင် ရှိသော ကျေးဇူးတရားသည် လွန်စွာကြီးမား၏။ ဘုရားရှင်သည်ပင်လျှင် မိဘကျေးဇူးကို နို့တစ်လုံးဖိုးကျေအောင် ဆပ်နိုင်ခဲ့သည်ဟု ကြားဖူး၏။

လောက၌ ကျေးဇူးရှိသော်လည်း ကျေးဇူးသိသူနည်း၏။ ထို့ထက်ပင် ကျေးဇူးဆပ်နိုင်သူပို၍ရှား၏။ ကျေးဇူးရှိ၍ ကျေးဇူးတရားကိုသိတတ်သူ၊ ကျေးဇူးဆပ်နိုင်သူတို့မှာ ကြီးပွားတိုးတက်ကြသည်။ ကျေးဇူးတရားကို စောင့်သိရိုသေကြသူများသည် လောကီ၊ လောကုတ် နှစ်ဖြာသောအကျိုးစီးပွားကို ရရှိနိုင်၏။

ပုဂံရာဇဝင်တွင် လူသိများကျော်ကြားခဲ့သည့် ကျန်စစ်သားသည် အနော်ရထာမင်းကြီး၏ ကျေးဇူးသစ္စာတရားကို စောင့်သိရိုသေသဖြင့် ကောင်းမြတ်သည့်အစဉ်အလာကို ဆက်ခံနိုင်သော မင်းကောင်းမင်းမြတ်ဖြစ်ခဲ့ရသည်။ ကျေးဇူးသိတတ်ခြင်းကြောင့် ကြီးပွားတိုးတက်သော အခြားသာဓကများစွာရှိ၏။

အလားတူ ကျေးဇူးရှိသော်လည်း ကျေးဇူးမသိတတ်သူများနှင့် ကျေးဇူးကန်းတတ်သူများသည် ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ရတတ်သည်။ ကျေးဇူးရှိပြီး ကျေးဇူးမသိတတ်ခြင်းသည် ကျေးဇူးကန်းခြင်းပင် ဖြစ်၏။ ကျေးဇူးကန်းသူသည် လက်ရှိပစ္စုပ္ပန်ဘဝတွင် သာယာဖြောင့်ဖြူးခြင်းမရှိသလို သေလွန်သည့်အခါ၌လည်း အပါယ်ငရဲသို့လားရတတ်၏။

ကျေးဇူးသိတတ်သော ခေင်ညိုသည် ငါးစီးရှင်ကျော်စွာ စစ်ကိုင်းမင်းအသခ်ယာ စေယျွန်းအားလုပ်ကြံရာ၌ နတ်တင်ထမင်းစားခဲ့ရ၍ လုပ်ကြံသာလျက် မကြံဘဲ ဤသို့ဆိုခဲ့၏။ ငါ့ရှင် ငါ့ကိုသတ်သော် တစ်သက်သာ သေရမည်။ ထမင်းရှင်ကို ပြစ်မှားချေသော်ကား သံသရာဝယ် အပါယ်လေးပါး၌ ရှည်လျားစွာ ခံစားရလိမ့်မည်ဟု ဆိုခဲ့၏။

ကျေးဇူးသိတတ်သူသည် သိတတ်သူအတွက် အကျိုးများစေသည်။ ကျေးဇူးတရားကို သိတတ်သဖြင့် အများ၏ ကူညီစောင့်ရှောက်ခြင်းကို ရတတ်သည်။ ထိုမှသည် စီးပွားတက်ကာ ကောင်းကျိုးချမ်းသာကို ရရှိခံစားရနိုင်သည်။

သို့ဖြစ်ရာ လူတိုင်းသည် တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုသကဲ့သို့ သူတစ်ထူး၏ ကျေးဇူးတရားကို သိရှိကာ စောင့်သိကြခြင်းဖြင့် ကောင်းကျိုးချမ်းသာများကို ရရှိခံစားနိုင်ကြပါစေကြောင်း ဆန္ဒပြု ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။ ။

မြတ်ဗုဒ္ဓသာသနာတော် နှစ်(၂၆၀၀)ပြည့်အထိမ်းအမှတ် ပြည်သူ့ဥယျာဉ်ဓမ္မသဘင် ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၄

မြတ်ဗုဒ္ဓသာသနာတော် နှစ် (၂၆၀၀) ပြည့်အထိမ်းအမှတ် ပြည်သူ့ဥယျာဉ် ဓမ္မသဘင်ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ဥယျာဉ်၌ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ညစဉ် ၇ နာရီခွဲတွင် ဆင်ယင်ကျင်းပမည် ဖြစ်ရာ ဖေဖော်ဝါရီ ၁၇ ရက်တွင် ယောဆရာတော်၊ ၁၈ရက်တွင် ချမ်းမြေ့ဆရာတော်၊ ၁၉ ရက်တွင် သီတဂူဆရာတော်၊ ၂၀ ရက်တွင် ပါမောက္ခချုပ် ဆရာတော်နှင့် ၂၁ ရက်တွင် ဗန်းမော်ဆရာတော်တို့က တရားချီးမြှင့်ကြမည်ဖြစ်သည်။

ကူညီလှူဒါန်းနိုင်

မြတ်ဗုဒ္ဓသာသနာတော် နှစ် (၂၆၀၀) ပြည့်အထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဦးခိုက်၍ ပြည်သူ့ဥယျာဉ်၌ ပထမဦးဆုံးကျင်းပမည့် ဓမ္မသဘင်ဖြစ်ပြီး လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ပူဇော်ရင်း တရားဓမ္မများ နာကြားကြရမည့် ဓမ္မသဘင်လည်းဖြစ်ရာ နယ်မြေဒေသအသီးသီး၌ ဓမ္မမိတ်ဆွေများအနေဖြင့် ကြိုတင်ကြိုတင်ကြံ့ခဲ ဓမ္မသဘင်ပွဲ၌ ပါဝင်ကူညီလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် (၁၃) ကြိမ်မြောက် FDI-MDA Joint Educational Meeting ကို ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Sedona Hotel တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံတွင် ပြည်တွင်းပြည်ပ သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းခြင်း၊ သွားဘက်ဆိုင်ရာ ဆေးပစ္စည်းကိရိယာပြခန်းများ၊ သွားကျန်းမာရေးသုံး ပစ္စည်းပြခန်းများနှင့်ဆေးပြခန်းများ ပါဝင်ပြသကြမည်ဖြစ်သည်။ ညီလာခံနှင့်အတူ အသင်းဝင် အသက် ၆၅နှစ်အထက် သွားဘက်ဆိုင်ရာဆရာဝန်ကြီးများအား ပူဇော်ကန်တော့ပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

စစ်ကိုင်းမြို့နယ်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

စစ်ကိုင်း ဇန်နဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် စစ်ကိုင်းမြို့နယ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ဘက်စုံထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်း၊ ဦးစိန်ခဲနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်တို့က ဆုများချီးမြှင့်ပြီး စာပေထူးချွန်ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးမြင့်ဆွေနှင့် စစ်ကိုင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးစန်းလွင်တို့က ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (၁၃၇)

တာလေမြို့ မြို့ဦးစေတီတော် ရွှေထီးတော်တင်

တာချီလိတ် ဇန်နဝါရီ ၂၄

မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားခဲ့သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့ မြို့ဦးစေတီတော်အား အသစ်တစ်ဖန်ပြန်လည်တည်ထားတော်မူပြီးနောက် ရွှေထီးတော်တင်မင်္ဂလာကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက အဆိုပါ စေတီတော်ရင်ပြင်၌ ကျင်းပရာ ရှေးဦးစွာ ဝတ်အသင်းသူများက ဝတ်ရွတ်စဉ်များကို ရွတ်ပွားပူဇော်ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူး၊ ခရိုင်သာသနာရေးဦးစီးအရာရှိ ဦးသန်းထွန်း၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးခွန်ကျော်သိန်းနှင့် မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားပြည်သူများက မင်္ဂလာအချိန်တွင် စေတီတော်အား ရွှေထီးတော် တင်လှူပူဇော်ကြကာ မိုင်းလင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလအမှူးပြုသော သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယခုအသစ်တည်ထားတော်မူသည့် စေတီတော်မှာ ဉာဏ်တော် ၄၈ ပေ၊ အုတ်ဖိနပ်တော် ၂၅ ပေပတ်လည်ရှိကာ ရှမ်းတိုင်းရင်းသားရိုးရာ ဗိသုကာလက်ရာဖြင့် တည်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ (၀၆၀)

မိုင်းဖြတ်၌ မီးလောင်မှုဖြစ်ပွား

မိုင်းဖြတ် ဇန်နဝါရီ ၂၄

မိုင်းဖြတ်မြို့နယ် နမ့်ပန်ကျေးရွာအုပ်စု မာထောင်ကျေးရွာ၌ ဇန်နဝါရီ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၁၀ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ဦးကျဖ၏သား အသက် ခုနစ်နှစ်အရွယ် မောင်ကျဝတစ်ဦးတည်းနေအိမ်တွင် ကျန်ရှိစဉ် မီးထွန်းရာမှ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါမီးလောင်မှုတွင် မီးဘေးသင့်ခဲ့သော အိမ်ထောင်စုများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများက ဆန်၊ အိုးခွက်ပန်းကန်၊ အဝတ်အထည်နှင့်စောင်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

➤စာအုပ်စာပေ လူ့မိတ်ဆွေ➤

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပုသိမ်မြို့နယ်၌ ပညာပေးဟောပြောပွဲ ကျင်းပ

ပုသိမ် ဇန်နဝါရီ ၂၄

တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက်က ပုသိမ်မြို့နယ် ရွှေပြာကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ကျင်းပရာ ပုသိမ်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ချို **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး တောအုပ်ကြီး ဦးကျော်မိုးက တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ စိုက်ပျိုးခြင်း၊ ယူကလစ်သစ်သားသန့်စင်အိမ်များ တည်ဆောက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပညာပေးဟောပြောကြောင်း သိရှိရသည်။ (၀၇၇)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်

မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုကို သုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။ (မီးသတ်ဦးစီးဌာန)

အထူးအထွက်တိုး စပ်မျိုးပုလဲသွယ်စပါး မော်ကျွန်း၌ တောင်သူများ စိတ်ဝင်စား

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၄

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု ဂျုံဂျုံကျကျေးရွာတွင် တောင်သူဦးအေးနိုင် ပျိုးထောင်စိုက်ပျိုးထားသော အထူးအထွက်တိုးစပ်မျိုးပုလဲသွယ်စပါးအား လေ့လာရေး တောင်သူများအား လက်တွေ့စိုက်ပျိုးပြသပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီက တောင်သူပညာပေးစံပြစိုက်ခင်းနှစ်ဧက၌ ကျင်းပသည်။ **(အောက်ပုံ)**

စိုက်ပျိုးပြသပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးကျော်ငွေနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တယ်ချောင်း၊ တန့်ငူ၊ ရေလိန်နှင့်စော်ကဲချောင်းကျေးရွာအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်လေ့လာကြည့်ရှုကြသည်။

စိတ်ဝင်စား

အဆိုပါအထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါးမှာ တစ်ဧက တင်း ၂၀၀ ကျော်ထွက်ရှိသဖြင့် ဝင်ငွေတွက်ခြေကိုက်သောကြောင့် မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရန် တောင်သူများစိတ်ဝင်စားကြကြောင်း သိရှိရသည်။ (၀၆၅)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန Bureau of International Security and Nonproliferation ဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Thomas Countryman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁)၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့်အဖွဲ့အား ဂျီနီဗာမြို့ရှိ ILO ရုံး အမှုဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့်အဖွဲ့အား ဂျီနီဗာမြို့ရှိ ILO ရုံး အမှုဆောင်ညွှန်ကြားရေးမှူး Mr. Guy Ryder ခေါင်းဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ယင်းတွေ့ဆုံပွဲသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား UNODC မှ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC) မှ ဌာနေကိုယ်စားလှယ် Mr.Gary Lewis သည် ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး **(အပေါ်ဝဲပုံ)** UNODC နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့အကြား အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင်း ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဆန်းစစ်ခြင်း ယူနစ်တစ်ခု ထူထောင်ဆောင်ရွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ရွှေ့ပြောင်းသွားလာသူများအား လူမှောင်ခိုကုန်ကူးခြင်းဆိုင်ရာ သတင်းဖလှယ်ရေး၊ ရေဆိပ်၊ လေဆိပ်နှင့် နယ်စပ် ဝင်/ထွက်ပေါက်များ၌ စာရွက်စာတမ်း အတုစစ်ဆေးခြင်းဆိုင်ရာ သင်တန်းပို့ချရေးကိစ္စရပ်များတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်၊ ရုံးအဖွဲ့မှူး ဦးသန်းနိုင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မျိုးစုံ ၂၁၃၄၀ စီး ပါမစ်များထုတ်ပေးပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၄

မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ (၁/၂၀၁၂) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မော်တော်ယာဉ်လဲလှယ်ရေးစီမံချက်အရ တင်သွင်းခွင့်ပြုမည့် (၁၃၅၀ CC)နှင့် အောက် မော်တော်ယာဉ်များအား Model ကန့်သတ်ချက်မထားဘဲ တင်သွင်းခွင့်ပြုရန်၊ အထူးကိစ္စရပ်များအတွက် ကြီးကြပ်ရေးကော်မတီအနေဖြင့် မူဝါဒများ ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူသုံးသည့် ဘတ်စ်ကားလိုင်းများ၊ တက္ကစီအငှားယာဉ်များ စည်းကမ်းတကျ ခေတ်မီအောင် ဆောင်ရွက်ရန်နှင့် မော်တော်ယာဉ်များ စုစည်းတင်သွင်းပြီး ခရီးသည်ပို့ဆောင်ရေး အငှားယာဉ် ဝန်ဆောင်မှုလုပ်ငန်းများကို စည်းကမ်းတကျဆောင်ရွက်မည့် ကုမ္ပဏီတစ်ခုတည်း မတတ်နိုင်လျှင် အများပိုင်ကုမ္ပဏီဖွဲ့ပြီးဆောင်ရွက်ရန်၊ အရောင်းစင်တာများ စနစ်တကျဖြစ်စေရေးလည်း ဝိုင်းဝန်းအကြံပြု တင်ပြကြရန်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၂၀ရက်အထိ ယာဉ်အို/ဟောင်းအပ်နှံပြီး အခြေအနေမှာ ယာဉ်မျိုးစုံ ၂၈၁၆၄စီးရှိပြီး အထူးပါမစ်ထုတ်ပေးရေးအဖွဲ့က ဇန်နဝါရီ ၂၃ ရက်အထိ ယာဉ်မျိုးစုံ ၂၁၃၄၀ ထုတ်ပေးပြီးဖြစ်ကြောင်း၊ တင်သွင်းရောက်ရှိလာသော မော်တော်ယာဉ် ၁၁၆၇၁စီးနှင့် အရောင်းစင်တာများမှ အပ်ကုန် စနစ်ဖြင့် ၄၁၄ စီးတို့ကို ထုတ်ပေးပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် ၇၅၂၆ စီးကို ယာဉ်မှတ်ပုံတင် ထုတ်ပေးပြီးဖြစ်ကြောင်း၊ မော်တော်ကားအရောင်းစင်တာ ၂၆ ခု ဖွင့်လှစ်ခွင့်ပြုထားပြီး ရန်ကုန်တွင် ၂၃ ခု၊ နေပြည်တော်တွင် ၂ ခု၊ မန္တလေးတွင် ၁ခု ရှိပြီး ဖြစ်ကြောင်း၊ နောက်ထပ်လည်း စင်တာ ၂၄ ခု ဖွင့်လှစ်ရန် တင်ပြစိစစ် ဆောင်ရွက်ထားပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ (၁/၂၀၁၂) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၁၇ ရက်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ဖွင့်လှစ်သော အခြေခံမိတ်ကပ်၊ ဆံပင်၊ အလှပြင်သင်တန်းအမှတ်စဉ်(၆/၂၀၁၁) ဆင်းပွဲနှင့် (၁/၂၀၁၂)ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မြချစ်က သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

မြောက်ပိုင်းဒေသများတွင် ညအပူချိန်များလျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂၄

ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကယားပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် -၁ ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များအနည်းငယ် လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

တောင်ကိုရီးယား စာသင်ကျောင်းများတွင် အင်တာနက် Wi-Fi ကို အခမဲ့သုံးစွဲခွင့်ရမည်

ဆိုးလ် ဇန်နဝါရီ ၂၄

တောင်ကိုရီးယားနိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများတွင် အင်တာနက် Wi-Fi အခမဲ့အသုံးပြု၍ရရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား အရာရှိများက ဇန်နဝါရီ ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။ လက်ရှိအချိန်တွင် တောင်ကိုရီးယား စာသင်ကျောင်းများ၌ အင်တာနက်အသုံးချမှုမှာ အခငွေကြေးဖြင့် ပေးဆောင်နေဆဲဖြစ်ရာ တစ်လလျှင် အင်တာနက်သုံးစွဲခ အမေရိကန်ဒေါ်လာ ၅၀ ခန့် ကုန်ကျလျက်ရှိသည်။ တစ်ဖန် လက်ကိုင်ဖုန်းများတွင်လည်း အင်တာနက် Wi-Fi သုံးစွဲပါက တစ်လလျှင် အမေရိကန်ဒေါ်လာ ၅၀ ခန့် ကုန်ကျလျက်ရှိသည်။ အကယ်၍ အင်တာနက်ကို အခမဲ့ သုံးစွဲခွင့်ရရှိပါက ကျောင်းသားကျောင်းသူများအနေဖြင့် အဆိုပါကုန်ကျငွေများကို အခြား အသုံးစရိတ်များတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

သုတေသနပြု

တောင်ကိုရီးယား နိုင်ငံအတွင်း ကျောင်းသားကျောင်းသူများကို လေ့လာသုတေသနပြုခဲ့ရာတွင် ကျောင်းသားကျောင်းသူအများအပြားမှာ စာသင်ကျောင်းများ၌ အင်တာနက် Wi-Fi စနစ်ထားရှိကာ အခမဲ့အသုံးပြုနိုင်သည့်စနစ်ကို ဆန္ဒပြုခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

အပြီးတပ်ဆင်

စာသင်ကျောင်းများတွင် အင်တာနက် Wi-Fi စနစ်ထားရှိသဖြင့် သင်ကြားရေးလုပ်ငန်းများ ပိုမိုအာရုံစိုက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း အပြီးတပ်ဆင်သွားမည် ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

ပါလက်စတိုင်း ဟားမတ်စ်အုပ်စုအမတ်များ ဂါဇာစီးတီး၌ အစ္စရေးတပ်ဖွဲ့အား ဆန္ဒပြခဲ့

ဂါဇာစီးတီး ဇန်နဝါရီ ၂၄

အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်းဥပဒေပြုကောင်စီ ဥက္ကဋ္ဌ အဇစ်ဒီဝိတ်အားဖမ်းဆီးသွားမှုကို မကျေနပ်သဖြင့် ပါလက်စတိုင်းဟားမတ်စ်အုပ်စုဝင် အမတ်များက ဂါဇာစီးတီးတွင် ဆန့်ကျင်ဆန္ဒပြခဲ့ကြကြောင်း ဇန်နဝါရီ ၂၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ပါလက်စတိုင်းဥပဒေပြုကောင်စီ ဥက္ကဋ္ဌ အဇစ်ဒီဝိတ်အား အနောက်ဘက်ကမ်းရှိ အယ်ခါလီသို့ အသွား ရာမာလာမြို့နှင့် ဂျေရုဆလင်ကြားရှိ ဂျူဘာစစ်ဘက် စစ်ဆေးရေးစခန်းကိုဖြတ်စဉ် ဇန်နဝါရီ ၁၉ ရက်က အစ္စရေးတပ်ဖွဲ့ဝင်များ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ အဆိုပါဆန့်ကျင်ဆန္ဒပြသူများတွင် ဒီမိုကရေစီအရ ရွေးချယ်တင်မြှောက်ခံရသည့် ပါလက်စတိုင်းဝန်ကြီးချုပ် အစ္စမေးလ်ဟာနီယေလည်း ပါဝင်သည်။ မစ္စတာ အဇစ်အား အစ္စရေးစစ်တပ်ကဖမ်းဆီးခြင်းမှာ နိုင်ငံရေးပြစ်မှုတစ်ခုဖြစ်ကြောင်း၊ အစ္စရေး၏ဖိအားပေးမှုကို ဟားမတ်စ်အမတ်များက မည်သည့်အခါမျှ အညံ့ခံအရှုံးပေးမည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရ

ခို့စ် ဇန်နဝါရီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်ပြည်နယ် ခို့စ်မြို့တော်တွင် ဇန်နဝါရီ ၂၃ ရက်က ဗုံးပေါက်ကွဲသဖြင့် အနည်းဆုံး အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရသွားကြောင်း ပြည်နယ်အရာရှိတစ်ဦးက ပြောကြားသည်။ **(ယာပုံ)**

ဖြစ်ပွား

ဒဏ်ရာရရှိသွားကြသည့် ရဲတပ်ဖွဲ့ဝင်ငါးဦးအား ထိုနေ့နံနက်ကပင် ခို့စ်မြို့တော်ရှိ ဆေးရုံသို့ တင်ပို့လိုက်ကြောင်း ပြည်နယ်ကျန်းမာရေးအရာရှိ ဟီဒါယာတူလာဟာမစ်ဒီက ပြောကြားသည်။ ရဲကားသည် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲက တာလီဘန်တို့ ထောင်ထားသည့်ဗုံးကိုတက်နင်းမိပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရသူများမှာ အသက်အန္တရာယ် မစိုးရိမ်ရကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

အသက်အငယ်ဆုံးအမျိုးသမီးမြို့တော်ဝန် ဂျပန်၌ ရွေးချယ်

တိုကျို ဇန်နဝါရီ ၂၄

ဂျပန်နိုင်ငံသမိုင်းတွင် အသက်အငယ်ဆုံးအမျိုးသမီးမြို့တော်ဝန်အဖြစ် နာရိုမီကိုရှီ ရွေးချယ်ခြင်းခံရကြောင်း၊ မဲဆန္ဒရှင်ပြည်သူများက တစ်ခဲနက် ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း ဇန်နဝါရီ ၂၄ ရက်၌ ဂျပန်အရာရှိများက သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ ရှီဂါစီရင်စု၏ မြို့တော် အိုဆူမြို့၏မြို့တော်ဝန်အဖြစ် အသက် ၃၆ နှစ်အရွယ်ရှိ နာရိုမီကိုရှီ **(ယာလယ်ပုံ)**က ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ နာရိုမီကိုရှီသည် ဟားဗတ်တက္ကသိုလ်မှ ဥပဒေဘွဲ့ရပညာတတ်တစ်ဦးဖြစ်ပြီး ဂျပန်နိုင်ငံအတွက် ပထမဆုံး အမျိုးသမီးမြို့တော်ဝန်တစ်ဦးလည်း ဖြစ်လာသည်။

နာရိုမီကိုရှီသည် ဂျပန်ဝန်ကြီးချုပ် ယိုရှိုဟီကိုနိုဒါ၏ ဒီမိုကရက်တစ်ပါတီက ထောက်ခံအားပေးမှုဖြင့် ယှဉ်ပြိုင်ဘက် အသက် ၇၀ အရွယ်ရှိ မာကိုတိုမီကာတာအား အနိုင်ရယူခဲ့ခြင်းဖြစ်သည်။ မိမိသည် ကလေးသူငယ်များပြုစုပျိုးထောင်ရေးနှင့် အခြားလူမှုရေးလုပ်ငန်းများကို ပြည်သူတို့အကျိုးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွေးချယ်ခံရပြီးနောက် နာရိုမီကိုရှီက ပြောကြားလိုက်သည်။ ဂျပန်နိုင်ငံ၌ နိုင်ငံရေးနှင့်စီးပွားရေးကဏ္ဍတို့တွင် ဦးဆောင်သည့်နေရာများ၌ အမျိုးသမီးဦးရေ အနည်းငယ်မျှသာ ပါဝင်လျက်ရှိသည်။

အဖွဲ့အစည်းများတွင် တစ်ရာခိုင်နှုန်းနှင့် ဂျပန်အမျိုးသားပါလီမန် အောက်လွှတ်တော်၌ အမျိုးသမီး ၁၁ ရာခိုင်နှုန်းခန့်သာ ပါဝင်လျက်ရှိသည်။ **(အင်တာနက်)**

အမေရိကန်၌ မုန်တိုင်းတိုက်ခတ်၊ နေအိမ်များပျက်စီး

ဝါရှင်တန် ဇန်နဝါရီ ၂၄

အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ်တွင် ဇန်နဝါရီ ၂၃ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးကာ နှစ်ဦးသေဆုံးပြီး လူ ၁၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အလာဘားမားပြည်နယ်အရာရှိများက ဇန်နဝါရီ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဆက်သွယ်ရေးပြတ်တောက်

မုန်တိုင်း တိုက်ခတ်မှုကြောင့် အလာဘားမားပြည်နယ် အော့က်ဂရော့ဗ်မြို့နှင့် ကလေမြို့တို့တွင် ထိခိုက်ပျက်စီးမှုအများဆုံး ဖြစ်ပေါ်ခဲ့သည်။ မော်တော်ယာဉ်များ ပျက်စီးပြီး သစ်ပင်များပြိုလဲကာ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ခဲ့သည်။ **(အပေါ်ဝဲပုံ)**

ဘာမင်ဟမ်အရှေ့မြောက်ပိုင်း ကလေမြို့တွင် မုန်တိုင်းကြောင့် အိမ် ၁၇၀ ခန့် ပျက်စီးခဲ့သည်။ နောက်ထပ် အိမ် ၁၅၀ ကျော်မှာလည်း မုန်တိုင်းဒဏ်ဆိုးရွားစွာခံခဲ့ရသည်။ အမိုးများကျွတ်ထွက်ခြင်း၊ အိမ်နံရံများပွင့်ထွက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ၎င်းမုန်တိုင်းကြောင့် အာကင်ဆက်၊ တန်နက်စီ၊ အီလီနွိုက်နှင့် မစ္စစ္စပီပြည်နယ်များတို့တွင်လည်း လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်ခြင်းများ ရိုက်ခတ်ဖြစ်ပေါ်ခဲ့သည်။ **(အင်တာနက်)**

ထိုင်း၌ အိမ်မီးလောင်မှုဖြစ်ပွားနေစဉ် ဇနီးသည်ကိုကယ်ထုတ်ရာမှ ခင်ပွန်းသေဆုံး

ဗန်ကောက် ဇန်နဝါရီ ၂၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ချာတူချက်ခရိုင်တွင် ဇန်နဝါရီ ၂၄ ရက်က အိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားရာ ခင်ပွန်းဖြစ်သူက ဇနီးသည်ကို ကယ်ဆယ်ရင်း မီးလောင်ခံရပြီးနောက် သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကယ်ထုတ်ခဲ့

အသက် ၅၃ နှစ်အရွယ် နာရောင်းတန်တီဂျာတာနာနွန့်အမည်ရှိ အမျိုးသားသည် နေအိမ်မီးလောင်မှုဖြစ်ပွားသည်နှင့် ဒုတိယထပ်မှခုန်ချကာ ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားခဲ့ပြီးနောက် အိမ်အတွင်း ဇနီးသည်ပိတ်မိနေခဲ့သည်ကိုသိရှိကာ မီးတောက်မီးလျှံများကြားမှ နေအိမ်အတွင်း ပြန်ဝင်ပြီး ဇနီးသည်အား ကယ်ထုတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် အိမ်အမိုးတန်းများ ပြုတ်ကျမှုနှင့် မီးလောင်မှုများခံရပြီး နာရောင်းတန်တီဂျာနာမှာ သေဆုံးခဲ့သည်။ ဇနီးဖြစ်သူ အသက် ၅၂ နှစ်အရွယ်ရှိ ဂျောင်ကိုလ်နေးမှာ ဦးခေါင်းနှင့် ရင်ဘတ်တို့တွင် အနည်းငယ် မီးလောင်ခံရပြီး ခြေထောက်တစ်ချောင်းအရိုးကျိုးခဲ့သော်လည်း အသက်ရှင်ခဲ့သည်။ သူမအား ဘက်ဟာဗာဒီကို ဆေးရုံသို့ တင်ပို့ကာ ဆေးကုသမှုခံယူစေလျက်ရှိသည်။

၎င်းတို့၏ မက်အမည်ရှိ အသက် ၂၃ နှစ်အရွယ်သားမှာမူ ဖခင်နှင့်အတူ အိမ်ဒုတိယအထပ်မှ ခုန်ချထွက်ပြေးခဲ့မှုကြောင့် ပခုံးတွင် ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။ ခင်ပွန်းဖြစ်သည့် နာရောင်းတန်တီဂျာတာနာမှာ ထိုင်းအဲလေကြောင်းလိုင်းမှ လေယာဉ်မှူးတစ်ဦးဖြစ်ပြီး ဇနီးမှာ မက်ထရိုပိုလီတန်လျှပ်စစ်လုပ်ငန်းမှ ဒါရိုက်တာတစ်ဦးဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၂၄-၁-၂၀၁၂)

>> တင်မောင်လွင် – စုစည်းသည် <<

အသေးစားစက်မှုနှင့် လယ်ယာစိုက်ပျိုးရေးတိုးတက်ရန် ၂၀၁၂ ခုနှစ်အတွင်း မြောက်ကိုရီးယား ဦးစားပေးမည်

ဝန်ကြီးအသစ်များဖြင့် တိုးချဲ့ဖွဲ့စည်းထားသည့် မြောက်ကိုရီးယားအစိုးရ၏ မျက်နှာစုံညီအစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပပြီး ၂၀၁၂ ခုနှစ်အတွင်း အသေးစားစက်မှုလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားကေစီအင်အေသတင်းဌာနက ကြေညာသည်။

အာဏာရ ကိုရီးယားအလုပ်သမားပါတီအနေဖြင့် ပြည်သူတို့၏လူနေမှုဘဝ မြင့်မားတိုးတက်ရေး၊ ကြွယ်ဝချမ်းသာမှု ဖြစ်ထွန်းစေမည့် မဟာဗျူဟာအကောင်အထည်ဖော်ရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယား ဒုတိယဝန်ကြီးချုပ် ရီတူးချိုက ဆွေးနွေးတင်ပြသည်။ ပြည်တွင်းစက်မှုနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတို့ကြိုက်နှစ်သက်သည့် အရည်အသွေးကောင်း အသေးစားစက်မှု ထွက်ကုန်များ ထုတ်ပေးရန်လိုအပ်ကြောင်း အစိုးရအဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုသည်။

နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များ နိုင်ငံအတွင်းစစ်ဆင် လက်နက်အများအပြား သိမ်းဆည်းရမိ

နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်းက နိုင်ငံနေရာအနှံ့စစ်ဆင်ရေးများပြုလုပ်ခဲ့ရာ RPG-7 အမျိုးအစား ဒုံးကျည်လောင်ချာများ၊ AK-47 ရိုင်ဖယ်သေနတ်များ၊ စစ်လက်နက်ပစ္စည်းတစ်ရာကျော်အပါအဝင် သိုဝှက်ထားသောလက်နက်အကြီးစား တစ်တန်ကျော်နှင့် ယာဉ်ခုနစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း နီယာမီမြို့ရှိ အစိုးရသတင်းအရင်းအမြစ်တစ်ခုက ဇန်နဝါရီ ၂၃ ရက်တွင် ဖော်ပြသည်။

အဆိုပါစစ်ဆင်ရေးပြုလုပ်ဆောင်ရွက်စဉ်အတွင်း နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ဂျီးရီးယားအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန သတင်းအရင်းအမြစ်က ပြောကြားသည်။ ပြီးခဲ့သည့် ဒီဇင်ဘာ ၉ ရက်က ထိပ်တိုက်တွေ့ဆုံမှုဖြစ်စဉ်အတွင်း RPG-7 ဒုံးကျည်လောင်ချာတစ်ခု၊ AK-47 ရိုင်ဖယ်သေနတ်နှစ်လက်၊ စက်သေနတ်တစ်လက်နှင့် အခြားသေနတ်အမျိုးမျိုးအပါအဝင် ယာဉ်နှစ်စီးကို သိမ်းဆည်းရမိခဲ့သည်။

ယင်းထိပ်တိုက်တွေ့ဆုံတိုက်ခိုက်မှုတွင် အစိုးရတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့သည်။ ဇန်နဝါရီ ၂ ရက်က နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်သည့် ယာဉ်နှစ်စီးကို ကြားဖြတ်တိုက်ခိုက်ခဲ့ရာ မူးယစ်ဆေးဝါး အလေးချိန် တစ်တန်ရှိ အထုပ်ကြီးတစ်ထုပ်နှင့် AK-47 ရိုင်ဖယ်သေနတ်နှစ်လက်၊ စက်သေနတ်တစ်လက်၊ ယမ်းတောင့်တစ်ရာကျော်နှင့် မိုဘိုင်းလ်ဖုန်းသုံးလုံးကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း ဇန်နဝါရီ ၃ ရက်က စစ်ဆင်မှုတွင် အကြမ်းဖက်သမားများ၏ မြေမြှုပ်ဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် နိုင်ဂျီးရီးယားအစိုးရတပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့သည်။

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ မီးလောင်

တူရကီနိုင်ငံ၏ မြို့တော် အစ္စတန်ဘူလ်မြို့ ဖာတာခရိုင်တွင် ဇန်နဝါရီ ၂၃ ရက်က သုံးထပ်တိုက်လူနေအဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားပြီးနောက် လူငါးဦး သေဆုံးခဲ့ကြောင်း ဒေသတွင်းရှိ တူဒေးစ်ဇာမန်းသတင်းစာက ဇန်နဝါရီ ၂၃ ရက်၌ ဖော်ပြသည်။

အဆိုပါအဆောက်အအုံသည် ဖာတာခရိုင် ရာဇတ်စီနမ်ရပ်ကွက်ရှိ ကူကတ်ဒိုလပ်လမ်းပေါ်တွင်တည်ရှိပြီး ယင်းနေ့နံနက်ပိုင်းက မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးမှာ အချိန်တိုအတွင်း အဆောက်အအုံတစ်ခုလုံးကို ဝါးမျိုသွားခဲ့သည်။ မီးတောက်ကြီးများ ပြင်းထန်စွာလောင်ကျွမ်းမှုကြောင့် အဆိုပါနေရာသို့ မီးသတ်ကားများနှင့် လူနာတင်ယာဉ်များ စေလွှတ်ငြိမ်းသတ်ခဲ့ရသည်ဟု ပြောကြားသည်။ မီးလောင်ရသည့် အကြောင်းရင်းကို မသိရှိရသေးဘဲ စုံစမ်းနေဆဲဖြစ်သည်ဟုပြောကြားသည်။ နှစ်ဦးမှာ သုံးထပ်မြင့်အဆောက်အအုံ၏ ပြတင်းပေါက်မှနေ၍ မြေပြင်ပေါ်သို့ ခုန်ချမှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း၊ အခြားသုံးဦးမှာ မီးလောင်ခံရမှုကြောင့် ဆေးရုံသို့ အရေးပေါ်ဆေးကုသမှုခံယူရန်အတွက် တင်ပို့ထားကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။ *(အင်တာနက်)*

မြန်မာနိုင်ငံအပေါ် ပိတ်ပင်ထားမှုများ အီးယူရုပ်သိမ်းပေးသွားမည်

ဘရပ်ဆဲလ် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် အီးယူအဖွဲ့ဝင်နိုင်ငံများက စောင့်ကြည့်လာခဲ့ရာ မကြာသေးမီက အီးယူအဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီးအချို့ မြန်မာနိုင်ငံသို့ ရောက်ရှိလေ့လာခဲ့ကြပြီးနောက် အားရကျေနပ်မှုရှိသဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ထားမှုများကို ရုပ်သိမ်းပေးသွားရန် အီးယူနိုင်ငံခြားရေးဝန်ကြီးများက သဘောတူဆုံးဖြတ်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၄ ရက် (ယနေ့) ရက်စွဲဖြင့် သတင်းတစ်ရပ်ထုတ်ပြန်ခဲ့သည်။ အဆိုပါ သတင်းထုတ်ပြန်ချက်မှ အချို့ကို အောက်ပါအတိုင်း ကောက်နုတ် ဖော်ပြလိုက်ပါသည်- (စာတည်းအဖွဲ့)

မြန်မာနိုင်ငံတွင် ရာနှင့်ချီသော နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခြင်းအပါအဝင် ပြုပြင်ပြောင်းလဲမှုများ တွေ့ရပြီးနောက် ဥရောပသမဂ္ဂ (အီးယူ)က မြန်မာနိုင်ငံမှထိပ်တန်းအရာရှိများအပေါ် ကန့်သတ်ထားသည့် ခရီးသွားလာခြင်းဆိုင်ရာ ပိတ်ပင်မှုများကို ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဇန်နဝါရီ ၂၃ ရက် (တနင်္လာနေ့)က ဆုံးဖြတ်လိုက်သည့် အီးယူနိုင်ငံခြားရေးဝန်ကြီးများ၏ သဘောတူညီချက်အရ ထိုသို့ ကန့်သတ်ထားသည့် ခရီးသွားပိတ်ပင်ထားမှုများကို ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း အီးယူက ကြေညာလိုက်ခြင်း ဖြစ်သည်။

အကူအညီပေး

ထို့ပြင် သိသာထင်ရှားသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဆက်လက်တွေ့မြင်ရလျှင် ဧပြီလအတွင်း မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ပင်မှုများကို ထပ်မံလျှော့ပေါ့ပေးမည့်အပြင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအတွက် အကူအညီပေးမည်ဟု အီးယူနိုင်ငံခြားရေးဝန်ကြီးများက ပြောကြားလိုက်သည်။

"ကန့်သတ်ချုပ်ချယ်မှုများလျှော့ပြီး ဒီမိုကရေစီကျင့်သုံးရန် မြန်မာအစိုးရ၏ အမှန်တကယ်စိတ်အားထက်သန်မှုကို မိမိမြင်တွေ့ရကြောင်း၊ ဧပြီ ၁ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်း၊ ဒီမိုကရေစီလုပ်ငန်းစဉ် ရှေ့ဆက်ဖော်ဆောင်သွားမည်ဆိုလျှင် မိမိတို့ဘက်ကလည်း အရေးယူပိတ်ပင်မှုများကို တိုး၍ တိုး၍ ရုပ်သိမ်းပေးသွားမည်ဖြစ်ကြောင်း" ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Alain Juppe က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အာရှတိုက်တွင် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်တည်ရှိမှုနှင့် မြန်မာနိုင်ငံ၏ သယံဇာတအရင်းအမြစ်များကြောင့် အနောက်အုပ်စုနိုင်ငံများကရော ယင်း၏အိမ်နီးချင်းနိုင်ငံများကပါ မြန်မာနိုင်ငံကို ပိုမိုစိတ်ဝင်စားလာကြခြင်းဖြစ်သည်။

အသိအမှတ်ပြု

မြန်မာနိုင်ငံ၌ ပြီးခဲ့သည့် ရက်သတ္တပတ်များ၊ လများအတွင်းက ထူးခြားသည့် ပြုပြင်ပြောင်းလဲမှုများရှိကြောင်း အီးယူနိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြီးအကဲ Catherine Ashton က ပြောကြားခဲ့သည့်အပြင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး William Hague ကလည်း ထိုတိုးတက်မှုကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ ၎င်းမှာ အရေးကြီးသည့်အချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီး လွန်ခဲ့သည့် မတ်လက တပ်မတော်အစိုးရထံမှ အစိုးရသစ်က တာဝန်လွှဲပြောင်းယူလိုက်သည့်အခါတွင် ပြုပြင်ပြောင်းလဲမှုများကို မြင်တွေ့ရသည်။ ပြုပြင်ပြောင်းလဲမှုများတွင် မီဒီယာထိန်းချုပ်မှုများနှင့် အခြားသောဥပဒေများကို လျှော့ပေါ့ပေးခြင်းများ၊ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အုပ်စုများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးခြင်းများ၊ နိုင်ငံရေးအကျဉ်းသားများ ရာချီ၍ လွှတ်ပေးခြင်းတို့ ပါဝင်သည်။ **အမ်အင်န်အေ/ရိုက်တာ**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Asif Ali Zardari ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော်သမ္မတနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေသက်ခင်နှင့် ဒေါက်တာမြအေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Qazi M. Khalilullah နှင့် သံရုံးမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ကင်း ပန်းခြံအိမ်ရာ W.1နေ ဖခင်ကြီး ဦးဘိုးထွန်း ဘော်နှင့် ကွယ်လွန်သူမိခင်ကြီး ဒေါ်ရီရီဆွေ တို့အား အမှူးထား၍ ဒေါက်တာကျော်ကျော် ထွန်း (အင်ဂျင်နီယာဌာန၊ အဆောက်အအုံ) Y.C.D.C မှ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီး ပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာ ဖောင်ဒေးရှင်းအတွင်းလှူနှာ(ကင်ဆာ) ဗဟိုသို့ ကျပ် တစ်သိန်းငါးသောင်းလှူဒါန်းရာ အတွင်း ရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

မြင့်မောင်စိုး ➤ စုစည်းသည်

ဩစတြေးလျ အိုးပင်း ဖက်ဒဲယား အကြိုဗိုလ်လုပွဲတက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၄

ဆွစ်ဇာလန် တင်းနစ်ကစားသမားရော်ဂျာဖက်ဒဲယား **(ယာပုံ)**သည် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲတွင်ကမ္ဘာ့အဆင့်(၁၁)ရှိ ဂျူယန်မာတင် ဒယ်ပိုထရိုအား အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့အဆင့် (၃)ရှိ ရော်ဂျာဖက်ဒဲယားသည် ဒယ်ပိုထရိုနှင့် နှစ်နာရီကြာ ကစားခဲ့ပြီးနောက် ၆-၄၊ ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဖက်ဒဲယားသည် ဩစတြေးလျအိုးပင်းတွင် တစ်ပွဲမျှရှုံးပွဲမရှိဘဲ အကြိုဗိုလ်လုပွဲသို့ တက်လာခြင်းဖြစ်သည်။

ရော်ဂျာဖက်ဒဲယားသည် အကြိုဗိုလ်လုပွဲတွင် ရာဖေးလ်နာဒယ်နှင့် သောမတ်ဘာဒစ်တို့ထဲမှ အနိုင်ရသူနှင့် ကစားရမည်ဖြစ်သည်။ ဖက်ဒဲယားနှင့် ရာဖေးလ်နာဒယ်တို့သည် အကြိုဗိုလ်လုပွဲတွင် ဆုံတွေ့ဖွယ်များသည်။ **(အင်တာနက်)**

အင်္ဂလိပ်ဟဲဗီးဝိတ်လက်ဝှေ့ပွဲ ဒေးဗစ်ပရိုက်စ် အလဲထိုးအနိုင်ယူ

လန်ဒန် ဇန်နဝါရီ ၂၄



အင်္ဂလိပ် ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲကို လန်ဒန်မြို့၌ ထိုးသတ်ကြရာ လီဗာပူးမြို့သား ဒေးဗစ်ပရိုက်စ်က ပြိုင်ဘက် ဂျွန်မက်ဒါမော့အား ၇၃စက္ကန့်အတွင်း အလဲထိုးပြီး ချန်ပီယံခါးပတ်ကိုရယူလိုက်သည်။ **(ယာပုံ)**

ဒေးဗစ်ပရိုက်စ်သည် မက်ဒါမော့ကို ပြိုင်ပွဲအဆုံးမသတ်မီ သုံးကြိမ်တိုင်တိုင် ကြမ်းပြင်သို့ထိုးချနိုင်ခဲ့သည်။ ပရိုက်စ်သည် ယင်းပွဲအနိုင်ရလိုက်သဖြင့် မန်ချက်စတာလက်ဝှေ့သမား တိုင်စန်ဖြူရိုင်းကို ဗြိတိသျှနှင့် ဓနသဟာယ ဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုပွဲအတွက် စိန်ခေါ်လိုက်သည်။ ဖြူရိုင်းကိုလည်း မက်ဒါမော့ရဲ့သွားရာလမ်းအတိုင်းပို့ရလိမ့်မည်ဖြစ်ကြောင်း ပရိုက်စ်ကပြောကြားသည်။ သို့သော် ဖြူရိုင်းအား ပထမအချီတွင် အလဲထိုးနိုင်လိမ့်မည်ဟု မျှော်လင့်ထားပါကြောင်း ပရိုက်စ်ကဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အာဖရိကနိုင်ငံများဖလား တူနီးရှား အဖွင့်ပွဲနိုင်

ဂါဘွန် ဇန်နဝါရီ ၂၄

၂၀၁၂ အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို ဂါဘွန်နှင့် အီကွေတိုရီရယ် ဂီနီယာနိုင်ငံတို့၌ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပလျက်ရှိရာ တူနီးရှားအသင်းက အုပ်စု(င)မှ မြောက်အာဖရိကပြိုင်ဘက် မော်ရိုကိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ခါလက်ကော်ဘီက အာဖရိကသိန်းငှက်ဟု တင်စားခေါ်ဝေါ်သည့် တူနီးရှားအသင်းအတွက် အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူသွားခဲ့သည်။

ဆက်လက်၍ လူစားဝင်လာသူ အမ်ဆာနီက တစ်ကိုယ်တော် ဂိုးရအောင်ကြိုးစားပြီး တူနီးရှားအတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး မကြာမီ မော်ရိုကိုအသင်းခေါင်းဆောင် ခါဂျက်က ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။

နိုင်ပွဲရရှိ

မော်ရိုကိုအသင်းသည် ဂိုးသွင်းခွင့်များရသော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့သဖြင့် ရှုံးနိမ့်ခဲ့သည်။ တူနီးရှားအသင်းသည် အဖွင့်ပွဲတွင် ထိုက်ထိုက်တန်တန် နိုင်ပွဲရရှိသွားခဲ့သည်။ ***(အင်တာနက်)***

တူနီးရှားအသင်းသားများ မော်ရိုကိုအသင်းကို အနိုင်ရရှိပြီး အောင်ပွဲခံစဉ်။

ဘယ်လ်ဂျီယံတင်းနစ်မယ် ကလစ္စတား ကမ္ဘာ့နံပါတ်တစ်ကို အနိုင်ရ

မဲလ်ဘုန်း ဇန်နဝါရီ ၂၄

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို မဲလ်ဘုန်းပတ်ခ်၌ ဇန်နဝါရီ ၁၆ရက်မှ ၂၉ရက်အထိ ကျင်းပလျက်ရှိရာ လက်ရှိချန်ပီယံတင်းနစ်မယ် ကလစ္စတား *(ယာပုံ)* ***က ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ် ကာရိုဖိုင်းဝေါ့ဇ်နီယာစကီးအားအနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။***

တက်ရောက်

အသက်၂၈နှစ်ရှိ ကင်ကလစ္စတားသည် အသက်၂၁နှစ်ရှိ ဒိန်းမတ်တင်းနစ်မယ် ဝေါ့ဇ်နီယာစကီးအား ၆-၃၊ ၇-၆(၇-၄)ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

အနိုင်ရ

ပြီးခဲ့သည့် ဩစတြေးလျအိုးပင်းလို ကစားနေသည်ဟုပြောကြားသော ဘယ်လ်ဂျီယံတင်းနစ်မယ်သည် အကြိုဗိုလ်လုပွဲတွင် ဗစ်တိုးရီးယားအဇာရင်ကာနှင့် ကစားရမည်ဖြစ်သည်။ စောစောပိုင်းပြိုင်ပွဲတွင် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာက ပိုလန်နိုင်ငံမှ ရက်ဝမ်စတားအား ၆-၇၊ ၀-၇၊ ၆-၀၊ ၆-၂ဖြင့် အနိုင်ရခဲ့သည်။ *(အင်တာနက်)*

● ရှေ့ဖုံးမှ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Qazi M. Khalilullah လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Qazi M. Khalilullah နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတသည် ဧည့်သည်တော် ပါကစ္စတန် သမ္မတနိုင်ငံ သမ္မတအား ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Mr.Georges Paclisanu ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ Mr. Georges Paclisanu ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီအဆောင် အမှတ် (၁)၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မတီအဖွဲ့ဝင် ဦးသန်းထွန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံအတွင်း လက်ရှိဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ သုံးသပ်ချက်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မူလတန်း၊ အလယ်တန်း၊ အထက်တန်းများတွင် စိုက်ပျိုးရေးပညာရပ်များ သင်ယူနိုင်ရေး စိုက်ပျိုးရေးဆိုင်ရာ သင်ခန်းစာ၊ စာစောင်များ ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့သည် ယနေ့နံနက် ၉ နာရီတွင် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပသည့် စိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရေးဝန်ကြီးဌာနသို့ မူလတန်း၊ အလယ်တန်း၊ အထက်တန်း စိုက်ပျိုးရေးဆိုင်ရာ သင်ခန်းစာစာစောင်များ ပေးအပ်ပွဲနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စပ်မျိုးစပါးစိုက်ပျိုးရေးအထူးပြုသင်ယူနေသော မဟာသိပ္ပံကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံဆန်စပါးအသင်းမှ ဂုဏ်ပြုထောက်ပံ့ငွေ ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်အခြေခံလိုအပ်ချက်ဖြစ်သော လယ်ယာလုပ်ငန်းခွင်အတွင်း တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးပညာရပ်များ ကျေးလက်ဒေသမကျန် ပျံ့နှံ့ရောက်ရှိရေးလုပ်ငန်းတာဝန်များကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း အကောင်အထည်ဖော်ရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အပေါ် နိုင်ငံနှင့်အဝန်း ဖွင့်လှစ်ထားပြီးဖြစ်သည့် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေးပညာရပ်များ အကြားအလပ်မကျန် သင်ယူနိုင်ရေးအတွက် ဤသင်ခန်းစာစာစောင်များအား လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတလမ်းညွှန်ချက်အရ စိုက်ပျိုးရေးပညာရှင်များ တတ်ကျွမ်းသော ပညာရပ်များကို လယ်ကွင်းထဲအရောက်ပို့၍ တောင်သူလယ်သမားများ အကျိုးလက်တွေ့ထမ်းဆောင်ရန် လမ်းညွှန်ချက်အပေါ်တွင် ပါမောက္ခချုပ်နှင့် ပညာရှင်များက မိမိတို့အစိုးရသစ် စတင်တာဝန်ထမ်းဆောင်သည့်ကာလမှ ကိုးလတိုင်တိုင် အကြိမ်ကြိမ် ပေါင်းစပ်ညှိနှိုင်းရေးဆွဲပြုစုတင်ပြလာခဲ့သော အခြေခံပညာ သူငယ်တန်းမှ ဒသမတန်းအထိ စိုက်ပျိုးရေးသင်ခန်းစာများကို လာမည့် ၂၀၁၂ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး ကျယ်ပြန့်စွာ ဖြန့်ကြက်သင်ကြားပေးနိုင်မည့်အတွက် အထူးဝမ်းမြောက် ကျေးဇူးတင်ရှိကြောင်း၊ အကြားအလပ်မကျန် အခြေခံပညာ စိုက်ပျိုးရေးဘာသာရပ်များကို သားသမီးများမှတစ်ဆင့်လက်ဆင့်ကမ်းပြီးတောင်သူလယ်သမားများ လက်တွေ့အသုံးပြုနိုင်တော့မည်ဖြစ်ခြင်း၊ ကျေးလက်ဒေသတောင်သူလယ်သမားများ၏ သားသမီးများအနေဖြင့် မိဘ၏ လက်ငုတ်လက်ရင်း လယ်ယာလုပ်ငန်းခွင်အတွင်း ထိရောက်စွာ စိုက်ပျိုးရေးပညာရပ်များဖြင့် မိဘအား ကူညီဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည့်အတွက် နိုင်ငံတော်၏ လိုအပ်ချက်တစ်ခုကို ထိရောက်စွာဖြည့်တင်းနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းရေး လုပ်ငန်းတာဝန်များအား စိုက်ပျိုးရေးပညာရပ်များဖြင့် လက်တွေ့အချိန်တိုအတွင်း ထိရောက်စွာအကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ကြောင်း။

မှာကြား

ဤတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဆန်စပါး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့လယ်ကွင်းထဲတွင် ကိုယ်တိုင်ပါဝင် သုတေသနပြုကာ နိုင်ငံတော်အဆင့်မီ စပ်မျိုးစပါးမျိုးစေ့များ ထုတ်လုပ်၍ တောင်သူများလက်ဝယ်သို့ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေး ဖြန့်ဖြူးဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပညာရေးနှင့် သုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ရင်းနှီးမြှုပ်နှံမှု ဖြစ်သည်နှင့်အညီ ယခုကဲ့သို့ တောင်သူလယ်သမားများကို တိုက်ရိုက်ထိထိရောက်ရောက် အကျိုးပြုနိုင်မည့် စိုက်ပျိုးရေး ပညာရပ်များကို ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာ မူ၊လယ်၊ ထက် ကျောင်းများတွင် သင်ကြားခွင့် လမ်းညွှန်ပေးသည့် နိုင်ငံတော်သမ္မတအပါအဝင် သင်ခန်းစာများကို ပြည့်စုံစွာဖြင့်အချိန်ကိုက် ပြုစုအပ်နှံပေးသည့် တက္ကသိုလ်မှပညာရှင်ကြီးများအား အထူးလေးစား ဂုဏ်ပြုပါကြောင်း၊ လာမည့် ၂၀၁၂-၂၀၁၃တွင်ကျေးလက်ဒေသမကျန် နိုင်ငံနှင့်အဝန်း အကြားအလပ်မကျန် သင်ခန်းစာများ လက်တွေ့သင်ကြားပို့ချနိုင်ရေးဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းရှင်များ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ပေးအပ်

ထို့နောက် ရေဆင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်က သူငယ်တန်းမှ ဒသမတန်းအထိ စာစောင်များ ပြုစုဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြုစုထားသည့် နှစ်အလိုက် သင်ခန်းစာစာစောင်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က စပ်မျိုးစပါးဘာသာရပ်မဟာသိပ္ပံတန်းအဆင့် သင်ယူနေကြသော ကျောင်းသား ကျောင်းသူများအတွက်ငွေကျပ်သိန်း ၆၀ ကို ပေးအပ်ရာ ပါမောက္ခချုပ်က လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ဆန်စပါးအသင်း၏ ရည်ရွယ်ချက်နှင့် အခြေခံပညာကျောင်းများတွင် သင်ကြားမည့် သင်ခန်းစာစောင်များ အချိန်မီဖြန့်ဝေနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးအနုပါ (၁၉)ဦးတို့က လျှောက်ထားသည့် မြို့တိုင်းရင်းသားပါတီ တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်းတွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၄

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်တို့သည် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် အင်ဂျင်နီယာမှူးရုံးသို့ ရောက်ရှိရာ အင်ဂျင်နီယာမှူးကြီး ဦးသိန်းဆိုင်နှင့် တာဝန်ရှိသူများက ပဲခူး- သနပ်ပင်- ခရမ်း- သုံးခွ- သန်လျင်လမ်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ခရိုင်/မြို့နယ်အလိုက် တာဝန်ယူဆောင်ရွက်ရသည့် တာဝန်ရှိသူများအနေဖြင့် လမ်း/တံတားများ တိုးတက်ကောင်းမွန်အောင် B.O.Tရရှိထားသောကုမ္ပဏီနှင့် ပူးပေါင်း၍ လုပ်ငန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သန်လျင်မြို့နယ်အတွင်းရှိ လမ်းများကောင်းမွန်အောင် ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် မိုင်တိုင်(၆၁/၁)နှင့် (၆၁/၂) အကြား ကတ္တရာထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် သုံးခွမြို့တွင်း လမ်းကတ္တရာခင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ယင်းနောက် မိုင်တိုင် (၄၃/၀)နှင့် (၄၄/၀)အကြား နိုင်လွန်ကတ္တရာခင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရမ်းမြို့၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ မိုင်တိုင် (၃၀/၄)နှင့် (၃၀/၅)အကြားရှိ သက္ကယ်ကုန်းတံတားကို နှစ်လမ်းသွား ကွန်ကရစ်တံတားအသစ် တည်ဆောက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မင်းလှ- စိန်ကန့်လန့်- မြို့ချောင်း-ကျွန်းကုန်း-ပိန်းဇလုပ်လမ်း မိုင်တိုင်(၁၃/၆)နှင့် (၁၃/၇)အကြား၌ တည်ဆောက်လျက်ရှိသော ရဲနွယ်ချောင်းတံတား အချောသတ် လုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်တွေ့သရုပ်ပြ

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြပွဲကို ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကင်းမြို့နယ်ပစ္စည်းသိုလှောင်ဝင်း၌ ဇန်နဝါရီ ၁၈ရက်က ကျင်းပရာ ဝန်ထမ်းများအား မြို့နယ်အရန်မီးသတ်တပ်ရင်း တပ်ရင်းမှူး ဦးမျိုးမြင့်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့သရုပ်ပြသကြစဉ်။ (ဝ၄၃)

ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနား တစ်နိုင်ငံလုံးရှိ ပြည်သူများစိတ်ဝင်စား စနစ်တကျ သပ်ရပ်လှပဆန်းသစ်မှုရှိရန်နှင့် လုံခြုံမှုရှိရန် အားလုံးပူးပေါင်းဆောင်ရွက်

IT နည်းပညာများပေါင်းစပ်ပြီး ထူးခြားဆန်းသစ်သည့်အစီအစဉ်များဖြင့် တင်ဆက်မည်

နေပြည်တော် ဇန်နဝါရီ ၂၄

၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနားကို ယခင်နှစ်များကထက် ပိုပြီးစည်ကားသိုက်မြိုက်စေရန်၊ ထူးခြားဆန်းသစ်စေရန် စနစ်တကျ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင် ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်ရှိစေရန် လိုအပ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း စည်းကမ်းတကျရှိစေရန် လိုအပ်ကြောင်း၊ စည်းကမ်းလျော့ရဲမှုကြောင့် အခြားသူများ၏ ပျော်ရွှင်လွတ်လပ်မှုကို မထိခိုက်စေရအောင် စနစ်တကျထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားသို့ ရုပ်ရှင်လောကသားများသာမက နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများနှင့် ရုပ်ရှင်ချစ်ပြည်သူများ တက်ရောက်နိုင်အောင် ဝင်ခွင့်လက်မှတ်များ ကြိုတင်ဖြန့်ချိပေးမည်ဖြစ်ရာ ၎င်းဝင်ခွင့်လက်မှတ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းက စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားသည် တစ်နိုင်ငံလုံးရှိပြည်သူအားလုံးက စိတ်ဝင်စားကြသည့် အခမ်းအနားဖြစ်သည့်အတွက် စနစ်တကျ သပ်ရပ်လှပဆန်းသစ်မှုရှိစေရန်နှင့် လုံခြုံမှုရှိစေရန် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူဘဲ တိုးတက်လာနေသည့် IT နည်းပညာများဖြင့်ပေါင်းစပ်ပြီး ထူးခြားဆန်းသစ်သည့် အစီအစဉ်များဖြင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ရာ တာဝန်ရှိသူအားလုံးက အားနည်းချက်၊ အားသာချက်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုစေလိုကြောင်း ဖြင့် အမှာစကားပြောကြားသည်။

ယင်းနောက် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က လည်းကောင်း၊ ၂၀၁၀ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားတွင် IT နည်းပညာရပ်များ ပေါင်းစပ်ထည့်သွင်းဆောင်ရွက်မည့် အစီအစဉ်များကို Forever Company Limited မှ ဥက္ကဋ္ဌ ဦးဝင်းမော်က လည်းကောင်း၊ အခမ်းအနားလုံခြုံရေးအစီအစဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများကလည်းကောင်း ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရှေးဟောင်းသမိုင်းဝင် ဓမ္မသိဒ္ဓိကလိုင်ထော်စေတီတော်မြတ်ကြီး၏ (၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲ ကျင်းပပူဇော်နိုင်ရန်အတွက် ဇန်နဝါရီ ၂၀ ရက်တွင် အထက(၃)ကျောင်းအုပ် ဆရာမကြီး ဒေါက်တာမေဇော်ထွေးက အလှူငွေပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(မြန်မာ့အလင်း)

ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေးနှိုးဆော်ချက်

* ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး လျင်မြန်စွာကူးစက်လွယ်သော ရောဂါတစ်ခုဖြစ်သည်။
* ဝက်သက်ရောဂါဖြစ်ပွားသူ၏ လည်ချောင်းနှင့် နှာခေါင်းတို့မှဖြစ်သော အရည်များနှင့်ထိတွေ့ခြင်း၊ ရောဂါဖြစ်ပွားသူ လူနာမှ နှာချေခြင်း၊ ချောင်းဆိုးခြင်းတို့ကြောင့် လေထဲတွင် လွင့်ပါလာသော ဝက်သက်ရောဂါဗိုင်းရပ်စ်၏ ပိုးပါဝင်သည့် အမှုန်များမှတစ်ဆင့် ကူးစက်တတ်ပါသည်။
* ဝက်သက်ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ မျက်စိနီခြင်း၊ လူနာ၏ပါးစောင်တွင် အဖြူရောင်အစက်များပေါ်ခြင်း၊ မျက်နှာမှစတင်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ အနီစက်များ အနီပြင်များပေါ်ခြင်းတို့ဖြစ်သည်။
* ဝက်သက်ရောဂါဖြစ်ပွားပါက နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများအဖြစ် ပြင်းထန်သော အဆုတ်ရောင်ရောဂါဖြစ်ခြင်း၊ ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ဦးနှောက်ရောင်ခြင်းနှင့် နားအတွင်းပိုင်းရောင်ခြင်းတို့ဖြစ်ပြီး ထိုမှတစ်ဆင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပွားတတ်ပါသည်။
* ဝက်သက်ရောဂါသည် အသက်(၅)နှစ်အောက်ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ပြီး ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းမရှိသည့် မည်သည့် အသက်အရွယ်တွင်မဆို ဖြစ်ပွားတတ်ပါသည်။
* ဝက်သက်ရောဂါမဖြစ်ပွားစေရန်ကာကွယ်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းသာ ဖြစ်ပါသည်။
* အသက်(၉)လတွင် တစ်ကြိမ်၊ အသက်(၁)နှစ်ခွဲတွင်တစ်ကြိမ် ဝက်သက်ရောဂါကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံခြင်းဖြင့် ဝက်သက်ရောဂါဖြစ်ပွားမှုအား ကာကွယ်နိုင်ပါသည်။
* အထက်ပါ ရောဂါလက္ခဏာများခံစားရသည့် လူနာများအား နီးစပ်ရာကျန်းမာရေးဌာနများတွင်ပြသပြီး ထိရောက်သောကုသခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

လက်ခံ

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဒေါ်မေမေတင်နှင့် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေနှင့် ထာဝရဆွမ်းဆေး၊ ငွေပဒေသာပင် အလှူငွေ ကျပ်ခြောက်သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာဦးလှမြင့် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

မြန်မာ့အလင်း စာအုပ်စင်ကလျာ ၂၅-၁-၂၀၁၂

ရှေးဟောင်းဘုရားစေတီပုထိုးများ စာအုပ်ဖြန့်ချိ

မြတ်မင်းလှိုင် ပြုစုရေးသားသည့် မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများသမိုင်းဒုတိယတွဲကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေဖြန့်ချိသည်။

စာအုပ်တွင် စာရေးသူဖူးမြော်ခဲ့ရသည့် ဘုရားစေတီပုထိုးများနှင့်အတူ သမိုင်းမှတ်တမ်းများကို မှီငြမ်းပြုစုထားသည့် ဘုရားစေတီပုထိုးပေါင်း ၁၁၈ ဆူကို ကြည်ညို သဒ္ဓါပွားများစေနိုင်ကြရန် ထည့်သွင်းဖော်ပြထားသည်။ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် စာတည်းမှူးချုပ်(ငြိမ်း)များဖြစ်ကြသော ဦးကျော်မင်း(မင်းကျော်မင်း) နှင့် ဆရာဦးစိုးမြင့်တို့က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးထားသည်ဖြစ်၍ မြန်မာနိုင်ငံအဝန်းရှိ ရှေးဟောင်းဘုရားစေတီ ပုထိုးများ၏ သမိုင်းအကျဉ်းကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် လေ့လာခွင့် ရရှိမည့် စာအုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို မဇ္ဈိမစာပေတိုက်မှ ထုတ်ဝေလိုက်ကြောင်း သိရှိရသည်။

ကြည်ရွှန်း၏ မြင့်မြင့်တွေး မြင့်မြင့်ကြံ စာအုပ်ဖြန့်ချိ



မူရင်းစာရေးဆရာ David J. Schwartz ၏ The Magic of Thinking Big ကို ကြည်ရွှန်း ဘာသာပြန်ဆိုထားသည့် မြင့်မြင့်တွေး မြင့်မြင့်ကြံ စာအုပ်ထွက်ရှိလာသည်။

စာရေးသူက မိတ်ဆွေ- ကြီးကြီးမြင့်မြင့်တွေးပါ။ ကြီးကြီးမြင့်မြင့်ဘဝမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ကို နေရပါလိမ့်မယ်။ အကြီးစား ပြီးမြောက်အောင်မြင်မှုတွေနဲ့ နေရပါလိမ့်မယ်။ ဝင်ငွေတွေလည်း မြင့်မြင့်မားမား၊ အပေါင်းအသင်း မိတ်ဆွေတွေကလည်း မြင့်မြင့်မားမား၊ ကိုယ့်ကို တန်ဖိုးထားကြတာတွေကလည်း မြင့်မြင့်မားမား ဖြစ်လာပါလိမ့်မည်ဟု အကြံပြုထားသည်။

ယင်းစာအုပ်ကို Wisdom House ဖုန်း-၀၉-၅၀၅၈၅၃၃၊ ၀၁-၅၄၅၀၃၆၊ ၀၉၄၉-၂၈၈-၉၄၈ မှ ထုတ်ဝေဖြန့်ချိပြီး တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ဖြစ်ကြောင်း သိရှိရသည်။

အကောက်ခွန်နေ့အကြို နှစ်လည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

၂၀၁၂ ခုနှစ် အကောက်ခွန် နှစ်လည်မဂ္ဂဇင်းကို အကောက်ခွန်မှူး အိပြည့်ဉာဏ်ဝင်း၏ မျက်နှာဖုံးပုံဖြင့် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်မည့် အကောက်ခွန်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယင်းမဂ္ဂဇင်းတွင် နာမည်ကြီး ကဗျာဆရာ၊ ကာတွန်းဆရာ၊ စာရေးဆရာများဖြစ်ကြသော မင်းယုဝေ၊ ညွန့်ဝေ (ကသာ)၊ မောင်ဟေမာ၊ မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ရွှေမင်းသား၊ ငွေကြည်၊ တင်အောင်နီ၊ သစ်ထွဏ်း၊ မြေဇာ၊ သိပ္ပံမျိုးတင်၊ မောင်စူးစမ်း၊ မောင်ခင်မင်(ဓနုဖြူ)၊ ချစ်နိုင်(စိတ်ပညာ)၊ ဒွေးမောင်၊ လယ်တွင်းသားစောချစ်၊ ချစ်ကိုကိုယု၊ ဆောင်းဝင်းလတ်၊ ရွှေမြိတ်သောင်းတင်၊ ရွှေသဥ္ဇာစသူတို့၏ ကဗျာ၊ ကာတွန်း၊ သုတရသဆောင်းပါး၊ ရင်သွေးကဗျာ၊ ပုံပြင်၊ အကောက်ခွန်ဆိုင်ရာဆောင်းပါး၊ ဘာသာရေး၊ ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နိုင်ငံရေးသိပ္ပံ၊ စီးပွားရေး၊ မူပိုင်ခွင့်၊ ကျန်းမာရေး၊ ဗုဒ္ဓဝင်ဝတ္ထု၊ အတွေးအမြင်၊ နိုင်ငံရပ်ခြားဟာသ၊ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် အင်္ဂလိပ်စာကဏ္ဍစသည်ဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် အမှတ်(၁၃၂) ကမ်းနားလမ်း အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၌ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

အပါချီအိပ်မက်များမဂ္ဂဇင်း ခေတ်ပေါ်ဝတ္ထုတိုများ စာအုပ်ထွက်ရှိ

ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)၏ အပါချီအိပ်မက်များ အမည်ရှိ မဂ္ဂဇင်းခေတ်ပေါ်ဝတ္ထုတိုများ စာအုပ် ထွက်ရှိလာသည်။

မြင်းကုန်းနီး ဒွန်ကီးဆုတ်နှင့် သူ၏ ပေတံတစ်ချောင်း၊ နံနက်ခင်းကျီးကန်းများနှင့် ကိတ်မုန့်ဖုတ်ခြင်း စသည်ဖြင့် ခေတ်ပေါ် ဝတ္ထုတို ၁၄ ပုဒ်ပါဝင်သည်။

ထိုစာအုပ်ကို မီးအိမ်ရှင်စာအုပ်တိုက် အခန်း(၃-ခ) တိုက်(၂၉) ဇေယျာသီရိလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၆၃၄၉၃၊ ဖုန်း-၀၉-၄၉-၂၄၇၀၆၉၊ ဖုန်း-၀၉-၅၅၀၆၉၄၈ သို့ ဆက်သွယ်၍ ရောင်းဈေးငွေကျပ် ၂၅၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ထားဝယ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ Language Lab၌ ကျောင်းသားကျောင်းသူများ သင်ကြားသင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှက်ရင်း တစ်ဖက်က နိုင်ငံတော်သမ္မတ၏ ရည်မှန်းဆောင်ရွက်လျက်ရှိသည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် သန့်ရှင်းသောအစိုးရ ဖြစ်စေရန် အလေးထားဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ အပိုင်းကလည်း ကောင်းမွန်သော လူ့ဘောင် အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေး ဆောင်ရွက်ပြီး ဟန်ချက်ညီ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီမှ လှူဒါန်းသည့် အင်တာနက်၊ တီဗွီနှင့် မာလ်တီမီဒီယာများ ချိတ်ဆက်အသုံးပြုနိုင်သော MPT Satellite Terminal များကို ဥက္ကဋ္ဌကိုယ်စားကိုယ်စားလှယ်ဦးဝင်းမြင့်က ထားဝယ်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာအောင်နိုင်မြင့်၊ ထားဝယ်ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်ခင်အေးသန်းနှင့် ထားဝယ်ပညာရေး ကောလိပ်ကျောင်းအုပ်ကြီး ဦးကျင်မောင်တို့ထံ ပေးအပ် လှူဒါန်းသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ တိုင်းဒေသကြီးပညာရေးမှူး ဦးထွန်းရီနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ဦးနှင့် ဆရာဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Language Lab၊ Learning Centre၊ Computer Room၊ Chemistry Laboratory နှင့် Physics Laboratory တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောင်းခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအား တွေ့ဆုံ၍ ဒေသတွင်းလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်ချက်မြင့်မားရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတသည် အဖွဲ့ဝင်များ လိုက်ပါလျက် ထားဝယ် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဒေါက်တာအောင်နိုင်မြင့်နှင့် ဆရာဆရာမများက ကြိုဆိုကြသည်။

အမှာစကား ပြောကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး မြိတ်မြို့ ပုလဲရတနာခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

◆ *ကျောဖုံးမှ*

ထို့နောက် ဒေသခံနှစ်ဦးက မြိတ်မြို့သစ်နှ… ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်…

ယင်းနောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီ… အတွက် စီစဉ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆေ… သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ထားဝယ်နည်းပညာတက္ကသို…

ထို့နောက် ဒုတိယသမ္မတသည် နည်းပညာတက္ကသိုလ်၏ သင်ကြားစီမံရေးဆိုင်ရာများကို မေးမြန်းပြီး သင်ထောက်ကူပစ္စည်း အပြည့်အဝ ရရှိရေးနှင့် ထိရောက်အောင်သင်ကြားရေးကိစ္စများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

အင်တာနက်၊ တီဗွီနှင့် မာလ်တီမီဒီယာများ ချိတ်ဆက်အသုံးပြုနိုင်သော MPT Satellite Terminal များကို ထားဝယ်နည်းပညာတက္ကသိုလ်၊ ထားဝယ်ကွန်ပျူတာတက္ကသိုလ်နှင့် ထားဝယ်ပညာရေးကောလိပ်တို့အတွက် ရွှေသံလွင်ကုမ္ပဏီက ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ကြည့်ရှုခံစား ရုပ်မြင်သံကြား

မြန်မာ့ရုပ်မြင်သံကြား

၂၅-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀ ၂။ နံနက်ခင်းသတင်း
၇း၃၀ ၃။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၄၀ ၄။ International News
၈း၄၅ ၅။ တေးဂီတအစီအစဉ်

ညပိုင်း

၄း၁၀ ၁။ တေးဂီတအစီအစဉ်
၄း၅၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
- တတိယနှစ်

■ *ကျောဖုံးမှ*

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် သမဝါယမဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုအခြေအနေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဒေသတွင်းဆောင်ရွက်နိုင်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိစွာဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဒေသတွင်းလျှပ်စစ်ကဏ္ဍ တိုးတက်သုံးစွဲနိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဒေသအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်မှုနှင့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မင်းက လွှတ်တော်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတက ဒေသတာဝန်ရှိသူများနှင့် ဒေသခံရပ်မိရပ်ဖများ၏ တင်ပြချက်များဖြစ်သည့် ကျောင်းများအဆင့်တိုးမြှင့်ရေးကိစ္စများ၊ ထားဝယ်အထူးစီးပွားရေးဇုန် လျှပ်စစ်မီးရရှိရေးနှင့် ထားဝယ်မြို့တွင် လျှပ်စစ်ဓာတ်အားရရှိရေး ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်များ၊ အညာဖျားရေအားလျှပ်စစ်စီမံကိန်းနှင့် ဆက်လက်ဆောင်ရွက်မှုအခြေအနေများ၊ ရေဖြူ ထားဝယ် မြစ်ကူးတံတား တည်ဆောက်ရေးစသည့် ဒေသလိုအပ်ချက်များကို ဆက်လက်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့ပြင်ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများတွင် ဒေသခံလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်နိုင်အောင် ယမန်နေ့က ထားဝယ်အထူးစီးပွားရေးဇုန် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးသည့် အခြေအနေများ၊ ဆက်သွယ်ရေးအတွက် လာမည့်ဇုန် စီမံကိန်းပြီးစီးပါက ထားဝယ်ဒေသသည် အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်၍ ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသော မိမိတို့နိုင်ငံသားများလည်း ကိုယ့်နိုင်ငံအတွင်း ပြန်လည်အလုပ်လုပ်နိုင်ဌာနနှင့် သက်ဆိုင်ရာသံရုံးတို့ပေါင်းစပ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ပေးနိုင်ရေးအတွက် ဘဏ္ဍာငွေ တိုးမြှင့် လျာထားပေးခဲ့သကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေလျာထား

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ထားဝယ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၅)နှစ်စီမံကိန်းတွင် ဒေသအလိုက် စီမံချက်များဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ မြို့နယ်နှင့်ခရိုင် အုပ်ချုပ်ရေးမှူးများ၏ ဒေသဆိုင်ရာ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေး ပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီး၌ ဆီအုန်းဧက ငါးသိန်းစိုက်ပျိုးရန် ရည်မှန်းချက်ပေးထားရာ လက်ရှိဧကသုံးသိန်းကျော် စိုက်ပျိုးပြီးဖြစ်သည့်အတွက် ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားရန်နှင့် တနင်္သာရီတိုင်းဒေသကြီး၏ ဒေသဝမ်းစာဖူလုံရေး၊ ရော်ဘာတိုးချဲ့စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပါဝင်သော ထားဝယ်အထူးစီးပွားရေးသည့် အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု(Sanction) ကြောင့် ပြည်တွင်းစက်ရုံအလုပ်ရုံများ ပိတ်သိမ်းခဲ့ရသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများဆုံးရှုံးခဲ့ရကြောင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့် အလမ်းများ ရှားပါးလာမှုကြောင့် ပြည်ပနိုင်ငံများသို့ထွက်ခွာ၍ အလုပ်အကိုင်များ ရှာဖွေလုပ်ကိုင်ခဲ့ကြရကြောင်း၊ အလုပ်အကိုင်ရရှိအောင်ကြိုးစားရင်း မသမာသူများ၏ လူကုန်ကူးမှုများကို ခံခဲ့ကြရကြောင်း။

ပေါင်းစပ်ဆောင်ရွက်

ထိုသို့သော အခြေအနေများကိုနိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးပေးခဲ့ကြောင်း၊ ပညာရေးနှင့်ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုများ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် ပညာရေးအဝန်းအဝိုင်း၊ ကျန်းမာရေးအဝန်းအဝိုင်းများ ထူထောင်ဆောင်ရွက်သွားရန်လိုကြောင်း။

ယနေ့ မျက်မှောက်ကာလတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကြီး(၃)ရပ်သည် အပြန်အလှန်ထိန်းကျောင်း၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းကောင်းများကိုရရှိနေပြီဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးရေးအတွက် အနီးကပ်ဆောင်ရွက်နိုင်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့လည်း ရှိနေပြီဖြစ်၍ တစ်ဖက်က ဒေသဖွံ့ဖြိုးရေးကို ဆောင်

အမှာစကား ပြောကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး မြိတ်မြို့ ပုလဲရတနာခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

◆ *ကျောဖုံးမှ*

ထို့နောက် ဒေသခံနှစ်ဦးက မြိတ်မြို့သစ်နှင့် မြိတ်မြို့ ငါးလေလံဈေးတို့၏ လိုအပ်ချက်များ၊ ငါးလုပ်ငန်းများပိုမို ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက ဒေသအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီစဉ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား သည်။

သီဟသူရဦးတင်အောင်မြင့်ဦး ထားဝယ်နည်းပညာတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်စိုးက ဒေသတွင်းလျှပ်စစ်ကဏ္ဍပိုမိုအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင့်ဆန်းက တိုင်းဒေသကြီးအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ပိုင်ဆိုင်ထားမှု၊ နိုင်ငံ့ကိုယ်စားပြု အားကစားသမားများကို တိုင်းဒေသကြီးမှ မွေးထုတ်ပေးနိုင်သည့် အခြေအနေ ကောင်းများ ရရှိထားမှုတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်က နိုင်ငံတစ်ဝန်းနှင့် ဒေသအတွင်း ဆက်သွယ်ရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးစိုးတင့်က တိုင်းဒေသကြီး၏ လမ်းပန်းဆက်သွယ်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းက ပြည်သူ့လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတက ယနေ့ မိမိသည် တနင်္သာရီတိုင်းဒေသကြီး၏ အခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏ကိုယ်စား လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားပြီး မြိတ်ခရိုင်မှတင်ပြသည့်ကျောင်းများ အဆင့်မြှင့်တင်ရေးကိစ္စရပ်များ၊ လျှပ်စစ်ဓာတ်အားရရှိရေး တင်ပြချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထို့ပြင် တနင်္သာရီမြို့နယ်၊ ပုလောမြို့နယ်၊ ကျွန်းစုမြို့နယ်နှင့် ပလောက်မြို့နယ်ခွဲတို့အတွက် တင်ပြသည့် မီးသတ်ယာဉ်တစ်စီးရရှိရေး၊ တံတားများ တည်ဆောက်ရေး၊ ဆေးရုံအဆင့်မြှင့်တင်ရေးနှင့် ငါးလေလံဈေးကိစ္စ တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီး၌ ဒေသဝမ်းစာဖူလုံမှု မရှိသေးသဖြင့် ပန်းတိုင်အထွက်နှုန်းတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ မြိတ်ခရိုင်၏ အခြေခံပညာမူလတန်းအဆင့် ဆရာနှင့် ကျောင်းသားအချိုးညီမျှအောင် စီမံဆောင်ရွက်ကြရန် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်ရာခိုင်နှုန်း ကောင်းမွန်သဖြင့် ဆက်လက်ကြိုးပမ်းထိန်းသိမ်းသွားရန် လိုကြောင်း။

ဤဒေသသည် ရေလုပ်ငန်းအောင်မြင်သည့်ဒေသဖြစ်၍ ရေလုပ်ငန်းပိုမိုတိုးတက်လာစေရေးကို အလေးထားဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

ယနေ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့များဖွဲ့စည်းပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများရရှိခဲ့ကြောင်း၊ စုစည်းညီညွတ်မှု အဆင့်တစ်ခုသို့ရောက်ရှိလာပြီဖြစ်ကြောင်း၊ ဆက်လက်၍ ထာဝရငြိမ်းချမ်းရေးရရှိရေး ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်သမ္မတဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံ၏ဆင်းရဲမှုကို ၁၆ ရာခိုင်နှုန်းသို့ လျော့ကျအောင် ဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိရာ အောင်မြင်အောင်ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်သာကိုင်သာဖြစ်စေရန်အတွက် လိုအပ်သည့်ဥပဒေများ ပြင်ဆင်ပေးခြင်း၊ အခွန်အခများလျှော့ပေါ့ပေးခြင်း၊ လုပ်ငန်းများလွယ်လွယ်ကူကူ ဆောင်ရွက်နိုင်ရန် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဇင်းပြင် နိုင်ငံတော်က လူတိုင်း မူလတန်းပညာအခမဲ့ သင်ယူပြီးစီးရေး၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးနှင့် စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆုများ ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဆရာ၊ မိဘ၊ ကျောင်းသား ပူးပေါင်း၍ ပညာရေးအဆင့်မြှင့်တင်ပေးနိုင်ရန် ဆောင်ရွက်ပေးစေလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံတော်တည်ငြိမ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးက ဥပဒေစည်းကမ်းများနှင့်အညီ ပေါင်းစပ်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီမှ လှူဒါန်းသော အင်တာနက်၊ တီဗွီနှင့် မာလ်တီမီဒီယာများချိတ်ဆက်အသုံးပြုနိုင်သော MPT Satellite Terminal များကို ဥက္ကဋ္ဌ ကိုယ်စား Hi Fi လုပ်ငန်းရှင် ဦးစိုးဝင်းက မြိတ်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာတင့်ဆန်းနှင့် မြိတ်ကွန်ပျူတာတက္ကသိုလ်မှ လက်ထောက်ကထိက ဦးမြတ်အောင်တို့ထံ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့၌ အခြေပြု ရပ်နားကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုခံစား ရုပ်မြင်သံကြား အစီအစဉ်များ

မြန်မာ့ရုပ်မြင်သံကြား

၂၅-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၅၀	၃။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၄၀	၄။	International News
၈း၄၅	၅။	တေးဂီတအစီအစဉ်

ညပိုင်း

၄း၁၀	၁။	တေးဂီတအစီအစဉ်
၄း၅၅	၂။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)
၆း၀၀	၃။	ညနေခင်းသတင်း
၆း၁၅	၄။	မိုးလေဝသအခြေအနေ
၆း၂၀	၅။	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၈း၀၀	၆။	ပြည်တွင်းသတင်း
	၇။	နိုင်ငံတကာသတင်းများ
	၈။	မိုးလေဝသအခြေအနေ
	၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၂၇)

မြဝတီရုပ်မြင်သံကြား

၂၅-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၁၀	၁။	တရားတော်
၈း၀၀	၂။	မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၂	၁။	နိုင်ငံတော်သီချင်း
၄း၂၅	၂။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၃။	ဇာတ်လမ်းတို
၅း၃၀	၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** အပိုင်း(၁၃၇)
၆း၀၀	၅။	မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀	၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာစေတမန်**(အပိုင်း-၉)
၈း၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၈။	နိုင်ငံတကာသတင်း
	၉။	မိုးလေဝသသတင်း
	၁၀။	**အတိတ်မမေ့တော့ပါဘူး** ကောင်းပြည့်၊ ရီရီပွင့်ဖြူ ဧရာ၊ ခင်လှိုင်၊ တက္ကသိုလ် ဝွမ်းပုံနှင့်သရုပ်ဆောင်များ [ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)]
	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ကွန်းခိုရာ** (အပိုင်း ၄)
	၁၂။	ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

MRTV-4

၂၅-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅း၀၀	ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၇)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၅၀)
၁၁း၄၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၅)
၁း၀၀	မယ်ပဋ္ဌာအကြောင်းဥပမာပြ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ် တရားတော်(မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၂း၀၀	MRTV-4 သတင်း
၄း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၅၀)
၆း၀၀	MRTV-4 သတင်း
၆း၄၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၈)
၈း၀၀	MRTV-4 သတင်း
၉း၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း ၅၁)
၁၀း၄၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း -၃၆)

အဝေးမှစူးစမ်းလေ့လာခြင်း၊ ပထဝီဝင်သတင်းအချက်အလက်စနစ်နှင့် ကမ္ဘာ့တည်နေရာပြစနစ် အသုံးချနည်းသင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူး၍ "အဝေးမှစူးစမ်းလေ့လာခြင်း၊ ပထဝီဝင် သတင်းအချက်အလက် စနစ်နှင့် ကမ္ဘာ့တည်နေရာပြစနစ်အသုံးချနည်း သင်တန်း" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ပြောင်းလဲလာသော ဒီမိုကရေစီနိုင်ငံတော်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ပြဿနာများကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကြောင့် ပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှု အခြေအနေကောင်းများ ရရှိစေရန် အသင့်ပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် သင်တန်းသားများ အနေဖြင့် သင်ကြားပို့ချသော ဘာသာရပ်များနှင့် ပစ္စည်းကိရိယာကိုင်တွယ်နည်းများကို တာဝန်ကျရာဌာနများ၏ လက်တွေ့လုပ်ငန်းများ၊ စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်ခြင်းလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးချနိုင်ရေးကို ရည်ရွယ်ပြီး ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တက်ရောက်

သင်တန်းသို့ ၂၀၁၀ ခုနှစ် သစ်တောတက္ကသိုလ်ဆင်း တောအုပ်ကြီးအဆင့် သင်တန်းသား ၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂၈ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သင်တန်းဖွင့်ပွဲကျင်းပ

အဝေးမှစူးစမ်းလေ့လာခြင်း၊ ပထဝီဝင်သတင်းအချက်အလက်စနစ်နှင့် ကမ္ဘာ့တည်နေရာပြစနစ် အသုံးချနည်း သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

ဇန်နဝါရီ ၁၉ ရက်က ဒဂုံမြို့သစ်(အရှေ့)မြို့နယ် အထက(ခွဲ) အလက (၃)၏ မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးအေးလွင်က တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးရကျောင်းသူ မခြူးလဲ့ရည်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

အာစရိယပူဇော်ပွဲ ကျင်းပ

မုဒုံ ဇန်နဝါရီ ၂၄

မွန်ပြည်နယ် မုဒုံမြို့နယ်ပညာရေး မိသားစုက ကြီးမှူးကျင်းပသော ပထမအကြိမ် အာစရိယပူဇော်ပွဲကို မုဒုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှင်အရဟံခန်းမတွင် ဇန်နဝါရီ ၁၄ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းအေးက အာစရိယပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများက မြို့နယ်အတွင်း အငြိမ်းစားဆရာ ဆရာမကြီး ၃၂၃ ဦးအား ကန်တော့ကြပြီး မြို့နယ်ပညာရေးမှူး ဦးဆောင်သော ဆရာ ဆရာမများက ကန်တော့ခံဆရာ ဆရာမကြီးများအား အလှူငွေနှင့် လှူဖွယ်ပစ္စည်း အပါအဝင် စုစုပေါင်းငွေကျပ် ၄၉ သိန်း လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ပညာရေး)**

မြို့နယ်ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရွှေပြည်သာမြို့နယ် ပညာရေးမှူးဒိုင်း U10 နှင့် U13 ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် ညနေ ၃ နာရီက အထက(၄) ဘောလုံးကွင်း၌ကျင်းပသည်။

ယှဉ်ပြိုင်

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးလှရီက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**နောက် U13 အဖွင့်ပွဲစဉ်အဖြစ် မူလတန်းလွန်(၃၅)နှင့် အလယ်တန်းခွဲ (၄၅) တို့ ယှဉ်ပြိုင်ကြသည်။

ဆုပေးပွဲအခမ်းအနားကို ပြည်ထောင်စုနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၆၆)**

မြန်မာ့အလင်း လမ်း ပေါ် က ဟာသ ၂၄-၁-၂၀၁၂

စည်းကမ်းမဲ့တဲ့ကားတွေ၊ ကဲ...မှတ်ကရော

ကျွန်တော် တစ်နေ့ညနေက ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ် ကုန်စျေးတန်း မှတ်တိုင်ကနေ ၂၁၀ လိုင်းကားစီးပြီး ကြည့်မြင်တိုင်ကနေအိမ်ကို ပြန်ခဲ့ပါတယ်။

ကျွန်တော်စီးလာတဲ့လိုင်းကားက ဘုန်းကြီးလမ်းမီးပွိုင့်ကိုကျော်ဖြတ်ပြီး စံပြရုပ်ရှင်ရုံမှတ်တိုင်မှာရပ်ဖို့ပြင်လိုက်ပေမယ့် ကားမှတ်တိုင်မှာက အိမ်စီးကားတစ်စီးနဲ့ ဘေးချင်းယှဉ်ပြီး လမ်းမပေါ်ရပ်ထားတဲ့ ၁၅၇ လိုင်း ကားတစ်စီးကို တွေ့လိုက်ရတော့ ၂၁၀ လိုင်း ယာဉ်မောင်းက အခက်တွေ့သွားပါတယ်။ ဒါနဲ့ပဲ ယာဉ်မောင်းဟာ ကားကို ၁၅၇ လိုင်းကားရဲ့ရှေ့မှာ ကန့်လန့်ဖြတ်ဝင်ရပ်ရင်း ၁၅၇ လိုင်းကားက ယာဉ်မောင်းကို "ရပ်လိုက်ရင် ဒီလိုချည်းပဲ၊ စည်းကမ်းကိုမရှိဘူး ကိုးလို့ ကန့်လန့်နဲ့"တဲ့။ ကျွန်တော်တို့ ၂၁၀ လိုင်းကားက အဲဒီလို ရပ်နေတုန်းမှာပဲ သူ့နောက်က ကပ်လိုက်လာတဲ့ ၃၃ လိုင်းကားက ထပ်ကျော်ရပ်ပြီး လူအတင်အချ လုပ်ရင်းနဲ့ ယာဉ်မောင်းက ကားပြတင်းပေါက်ကနေ ခေါင်းပြူလို့ "မင်းတို့ မှတ်တိုင်မှာ ဘေးချမရပ်တတ်ဘူးလား"တဲ့။

အဲ. . . ပြောလို့မဆုံးခင် လှည့်ကင်းကားက ၃၃ လိုင်းကားရှေ့က ကန့်လန့်ဖြတ် ရပ်လိုက်ပြီး ယာဉ်ထိန်းရဲနှစ်ဦးက ခုန်ဆင်းလာပါတယ်။ ပြီးတော့ "စည်းကမ်းမဲ့ရပ်တဲ့အတွက် ဖမ်းပါတယ်၊ လိုင်စင်လေးတွေပေးပါ"တဲ့။ လိုင်းကားသုံးစီးစလုံးကို လိုင်စင်သိမ်းပါတော့တယ်။

ကျွန်တော်ကတော့ ဝမ်းထဲကအော်ပြီး ပြောလိုက်ပါတယ်။ "စည်းကမ်းမဲ့ရပ်တဲ့ ကားတွေ၊ ကဲ-မှတ်ကရော"လို့။ အဲ-ဒါပေမယ့် ယာဉ်ထိန်းရဲကြီးများ ကားသုံးစီးလုံးစီက လိုင်စင်တွေရသွားတာ မတွေ့ရပါဘူး။

ကဲ. . . စာဖတ်သူ. . . ယာဉ်ထိန်းရဲကြီးများ ဘာရသွားတယ်ထင်ပါသလဲခင်ဗျာ. . . .။

ကျန်တဲ့လိုင်းကားနှစ်စီးက ဘယ်လို ငိုပြလိုက်သည် မသိပါ။ ကျွန်တော်တို့ ၂၁၀ လိုင်းကား ယာဉ်မောင်းပြောလိုက်တာက "မလုပ်ပါနဲ့ ဆရာရယ်. . . လိုင်စင်က မနက်ကတင် မှတ်တိုင်မှာမရပ်တဲ့အမှုနဲ့ပါသွားတယ်။ နေ့ခင်းကလည်း ချလန်ပေါ် ချလန်ထပ်သွားတာမို့ပါ ဆရာရယ်"တဲ့။

ယာဉ်ထိန်းရဲကြီး ခေါင်းကုတ်သွားပါတယ်။ ဘာဆက်လုပ်ရမှန်းမသိဖြစ်သွားတယ်။ ဒါပေမယ့် နှုတ်ကတော့. . "ဟာဗျာ" တဲ့. . .။ (၀၄၂)

ကျောင်းကုန်း၌ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ကျောင်းကုန်း ဇန်နဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအသက် (၂၇)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီက ကျင်းပသည်။ ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အသင်း ၁၆ သင်းယှဉ်ပြိုင်ကြပြီးနောက် ဗိုလ်လုပွဲ၌ သစ်ဆိမ့်ကုန်းလက်ရွေးစင်အသင်းနှင့် ဝါးတော(က) လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကြရာ သစ်ဆိမ့်ကုန်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ဆုပေးပွဲတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က ပထမရရှိသွားသော သစ်ဆိမ့်ကုန်းအသင်းကို ဆုဖလားချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဆောင်းသီးနှံဖြစ်ထွန်း၊ ဟင်းသီးဟင်းရွက်စျေးချို

ကန့်ဘလူ ဇန်နဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်၊ ရေဦးမြို့နယ်များတွင် ဆောင်းသီးနှံများဖြစ်ထွန်းအောင်မြင်သဖြင့် မုန်လာထုပ်၊ ပန်းမုန်လာ၊ မုန်ညင်းရွက်၊ မုန်လာဥ၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ဘူးသီးများ လှိုင်လှိုင်ပေါ်ထွက်ခဲ့ရာ စျေးနှုန်းများမှာလည်း ယခင်စျေးထက် ထက်ဝက်ခန့် လျော့ကျစျေးချိုသွားကြောင်း သိရှိရသည်။ **(၁၆၁)**

မြန်မာ့အလင်း မှု ခင်း သ တင်း ၂၄-၁-၂၀၁၂

ကလေးဝမြို့၌ ဘိန်းစိမ်း ဖမ်းဆီးရမိ

ဇန်နဝါရီ ၂၃ ရက် နံနက် ၁၁ နာရီခွဲက ကလေးခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်စိုးနောင် ဦးစီးရဲတပ်ဖွဲ့ဝင်များ၊ ကလေးဝမြို့နယ် ရဲတပ်ဖွဲ့မှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်အောင်နှင့် သက်သေများသည် သတင်းအရ နေလင်းအောင် စားသောက်ဆိုင်အတွင်း စောင့်ဆိုင်းနေစဉ် မခင်မာချို၊ နိုင်စိုး၊ နန်းအောင်တို့ထံမှ မုန့်ပုံးအတွင်းဝှက်ထည့်ထားသော ၁ ဒသမ ၅ ကီလိုပါ ဘိန်းစိမ်းနှစ်ထုပ် စုစုပေါင်း အလေးချိန် သုံးကီလို ကာလတန်ဖိုး ငွေကျပ် ၃၉ သိန်းဖိုး ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရှိရသည်။ **(၁၆၅)**

စိတ်ရောဂါဖောက်ပြန်ပြီး မိမိရင်သွေးအား တိုက်ပေါ်မှ ပစ်ချရန်ကြံစည်

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက မိမိ၏ သုံးလသားအရွယ်ကလေးငယ်အား တတိယလွှာတိုက်ခန်းအမြင့်မှ ပစ်ချရန် ကြိုးပမ်းခဲ့သည့် စိတ္တဇဝေဒနာရှင်တစ်ဦးကို နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းထိန်းသိမ်းကာ စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၉ ရက် ည ၇ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက် ကျောက်ရေတွင်းလမ်းရှိ တတိယလွှာတိုက်ခန်းအမြင့်မှနေ၍ စိတ်ဝေဒနာရှင်တစ်ဦးသည် မိမိဇနီးသည် လက်တွင်းမှ သုံးလသားအရွယ် ကလေးကိုယူ၍ အိမ်ရှေ့ ဝရန်တာပေါ်မှပစ်ချရန် ကြိုးပမ်းစဉ် ဇနီးသည်၏ အော်ဟစ်အကူအညီတောင်းခံမှုကြောင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ စုပေါင်းကာ ဝိုင်းဝန်းထိန်းသိမ်းပြီး ကလေးငယ်ကိုမိခင်ဖြစ်သူထံပေးအပ်၍ အဆိုပါ စိတ်ဝေဒနာရှင်အား စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အဆိုပါ စိတ်ဝေဒနာရှင်မှာ ယခင်ကတည်းကပင် စိတ်ရောဂါခံစားနေရသူဖြစ်ပြီး ယခုအချိန်တွင် စိတ်ကျန်းမာရေးပြန်လည်ဆိုးရွားလာခဲ့ကာ ယခုကဲ့သို့ မိမိရင်သွေးအား တိုက်ပေါ်မှပစ်ချရန် ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(၁၅၀)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၄

လင်းရောင်ခြည်စာကြည့်တိုက် ထန်းတပင်မြို့နယ်၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အစုကြီးကျေးရွာအုပ်စု ကျိုက္ကနာကျေးရွာတွင် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီက လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ကြွယ်နှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးစည်သူအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(ယာပုံ)

အခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါစာကြည့်တိုက်သို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် သွပ်အချပ် ၅၀ နှင့် ငွေကျပ် ၁၀ သိန်းကို မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးက ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ကြွယ်က လည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ သုတရသစာအုပ် ၁၀၀ကို မြို့နယ်ဦးစီးမှူးကလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌက လည်းကောင်း လက်ခံယူခဲ့ကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

အဆွေမွန်စာကြည့်တိုက် ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာ၌ဖွင့်

ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာ၌ အဆွေမွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးကျော်စွာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(အောက်ပုံ)***

အဆိုပါ စာကြည့်တိုက်မှာ အလျား ၁၉ ပေ၊ အနံ ၁၉ ပေ၊ အမြင့် ၁၁ ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းဖြစ်ပြီး တန်ဖိုးငွေကျပ် ၇၅ သိန်းကုန်ကျကာ ပြည်သူများ၏ထည့်ဝင်ငွေဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ၊ ရပ်မိရပ်ဖများက မဂ္ဂဇင်း၊ ဂျာနယ် စာစောင်များပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကိုကိုအေးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ အင်္ဂလိပ်ဘာသာ

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်အတွက် စာကိုကျက်မှတ်ရာမှာ ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကို ကျေကျေညက်ညက်လေ့လာကြဖို့ လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ Unit (၁၄)ခု ပါရှိပါတယ်။

ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဒီ Grade 11 English Text ရဲ့ သင်ခန်းစာအားလုံးမှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section, နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက် သိရှိထားကြဖို့လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းတွေဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီး မေးတာဖြစ်ပါတယ်။ ယခင်နှစ်တွေလိုပဲ မေးခွန်း(၉)ပုဒ်မေးမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၁) ကတော့ English Text မှာပါတဲ့ Unit (၁၄)ခုထဲက passage စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်ပါ အကြောင်းအရာတွေကို မေးခွန်း A နဲ့ B (၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

Question No.1(A) က Write the correct word or words to complete each sentence. ဖြစ်တယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာဖြစ်တယ်။ မေးခွန်းအပုဒ်ငယ်(၅)ခု မေးထားပြီး စာလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စုနဲ့ ကွက်လပ်ကို ဖြည့်ရမှာ ဖြစ်တယ်။ သတိပြုရမှာက စာပိုဒ်ထဲမှာပါတဲ့ စကားလုံး စကားစုတွေကို တိုက်ရိုက်ဖြည့်ထည့်လို့ မရပါဘူး။ ပေးထားတဲ့ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို ပြောင်းရေးဖို့ လိုချင်လိုလိမ့်မယ်။ ဥပမာ-စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ပြောင်းပြီးဖြည့်ချင်ဖြည့်ရမယ်၊ စာပိုဒ်ထဲမှာ verb form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ noun form ပြောင်းပြီး ဖြည့်ချင်ဖြည့်ရမယ်၊ ပေးထားတဲ့ verb က active voice အနေနဲ့သုံးထားပြီး မေးခွန်းမှာတော့ passive voice နဲ့ ပြန်ရေးဖို့ လိုချင်ရင်လည်း လိုပါမယ်။

ဥပမာ စာပိုဒ်ထဲမှာ When Annie arrived at the Kellers' house, she found a very messy spoilt little girl. လို့ပေးထားပေမယ့် မေးခွန်းမှာ on ______ at the Kellers' house,Annie found a very messy, spoilt little girl. လို့ပေးထားရင် ဒီကွက်လပ်မှာ ဖြည့်ရမယ့်စကားလုံးက noun form ဖြစ်ရပါမယ်။ ဒါကြောင့် arrived ဆိုတဲ့ စာပိုဒ်ထဲက past tense နဲ့ပေးထားတဲ့ verb ကို ဒီအတိုင်း ပြန်ကူးရေးလို့မရပါဘူး။ အဖြေမှန်က arrival ဖြစ်ပါတယ်။တစ်ခါတစ်လေ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice form ကနေ passive voice form ပြောင်းဖို့လိုချင်ရင်လိုလိမ့်မယ်။ ဥပမာ Advertisements: the Pros and Cons ထဲက စာကြောင်းတစ်ကြောင်းဖြစ်တဲ့ We cannot buy personal good looks, intelligence, good friendships or a happy family. လို့ ပေးထားပေမယ့် မေးထားတဲ့ စာကြောင်းက Personal good looks, intelligence, good friendships or a happy family _____လို့ ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က active verb form မဟုတ်တော့ဘဲ passive verb form ဖြစ်ရပါမယ်။ ဒါကြောင့် အဖြေမှန်က cannot be bought ဖြစ်ပါတယ်။

Question No.1(B) ကတော့ Answer each question in one sentence. ဖြစ်တယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်း (၅)ခုမေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့ စာပိုဒ်ထဲမှာအဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းက လိုအပ်တဲ့အဖြေက အကြောင်းအရာ (content) ရော၊ သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ-စာပိုဒ်ထဲမှာ On the moon, stars are visible in the daytime,...... လို့ပေးထားပြီး When can we see stars on the moon? လို့ မေးရင် စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်းပြန်မကူးဘဲ We can see stars on the moon in the daytime. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်တွေနဲ့ဆိုင်တဲ့မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင်လေ့ကျင့်ထားရပါမယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ဆီလျော်အောင် မှန်မှန်ကန်ကန် ပြန်ဖြေတတ်ဖို့ လိုပါတယ်။

မေးခွန်းနံပါတ်(၂)မှာ ပေးထားတဲ့မေးခွန်း ကတော့ Fill in each blank with a word from the list Unit given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို ရှစ်လုံးမြောက်စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း (၂၀) ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး(၂၀)ကိုလည်း စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့မလိုပါဘူး။ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ချိုင့်စစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက် ဘယ်လိုအမှားမျိုးကိုမှ လက်မခံကြောင်းလည်း သတိပြုမိကြဖို့လိုပါတယ်။ ဥပမာအားဖြင့် capital letter နဲ့ရေးထားတာကို small letter နဲ့ ပြန်ရေးမိတာမျိုးမဖြစ်ဖို့၊ အနည်းကိန်း အများကိန်းမှားမသွားဖို့၊ plural number noun ဖြစ်ရမှာကို 's' ကျန်ခဲ့တာမျိုးမဖြစ်ဖို့ မှာချင်ပါတယ်။ ဒါကြောင့် စာလုံးကြီးနဲ့ စာလုံးသေး ကွဲပြားအောင်ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင် ပြန်ရေးဖို့လည်းလိုပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတို့ရဲ့ reading skill နဲ့ grammar ကျွမ်းကျင်ပိုင်နိုင်မှု အပိုင်းနှစ်ပိုင်းစလုံးကို ဆန်းစစ်ချင်တာဖြစ်လို့ passages တွေကို အလွတ်ကျက်ဖို့ထက် စာပိုဒ်တွေကိုနားလည်ပြီး grammar မှန်မှန်နဲ့အဓိပ္ပာယ်ရှိတဲ့ sentences တွေဖြစ်အောင် ပေးထားတဲ့ကွက်လပ်တွေကို ဖြည့်နိုင်အောင် ကြိုးစားရပါမယ်။

မေးခွန်းနံပါတ်(၃)ကတော့ ကျောင်းသား ကျောင်းသူတို့ရဲ့အင်္ဂလိပ်စာတတ်ကျွမ်းမှုစွမ်းရည်အပြင် မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးတဲ့မေးခွန်းပုံစံဖြစ်ပါတယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့မေးမှာဖြစ်ပါတယ်။ Item (၁၀)ခု မေးထားပြီးတော့ ကွက်လပ် (၁၀)ခုကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ မေးခွန်း(၁)ကနေ(၅)က text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်မေးခွန်း(၆)ကနေ (၁၀)ကတော့ ပြဋ္ဌာန်းဖတ်စာအုပ်ထဲက ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ သင်ယူထားတဲ့အချက်အလက်တွေနဲ့ ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်ပြီးရေးသားတင်ပြနိုင်မှုစွမ်းရည် ရှိ မရှိကို စစ်ဆေးတာဖြစ်တယ်။ တိတိကျကျပြန်လည်ဖော်ပြတာကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်းမှားယွင်းမှု မရှိအောင် သတိထားကြဖို့ လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုဖြည့်ရတာမျိုးလည်းရှိတာကို သတိပြုဖို့လိုပါတယ်။ နမူနာပြရမယ်ဆိုရင်

1. Advertising ______ a rapid distribution of goods at reasonable prices.
2. Computers are ______ ;they can work for a long time without breaking down.
3. Long, long afterward, __________
   I found the arrow, still unbroke.

ဆိုတဲ့မေးခွန်းတွေကိုကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ assists ဆိုတဲ့ စကားလုံးတစ်လုံးပဲလိုပေမယ့် နံပါတ်(၂)မှာတော့ very reliable ဆိုတဲ့စကားလုံး နှစ်လုံးလိုမှာဖြစ်တယ်။ နံပါတ်(၃)မှာဆိုရင် အဖြေက in an oak စကားလုံး သုံးလုံးလိုမှာဖြစ်တယ်။ ဒါကြောင့် ကွက်လပ်တစ်ခုထဲရှိလို့ စကားလုံးတစ်လုံးတည်းပဲ ထည့်ရမယ်လို့ မှတ်လို့မရပါဘူး။

မေးခွန်းနံပါတ်(၄) ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှု ရှိ မရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း (၅)ခု မေးထားပါတယ်။

မေးခွန်းနံပါတ်(၄)ရဲ့ item 1 နဲ့ item 2 ကတော့ text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်မေးထားတာပဲဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ choices ပေးထားပါတယ်။ OR ခံထားတဲ့မေးခွန်းထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ကျောင်းသား ကျောင်းသူတွေဟာ အချက်အလက်ရော သဒ္ဒါပါမှန်ကန်တဲ့ အဖြေစာကြောင်းများနဲ့ဖြေရမှာဖြစ်ပါတယ်။ ဥပမာ How does the saliva of the female mosquito help her? (OR) What can cranes and mechnical diggers do? လို့ နံပါတ်(၁)မှာမေးတယ်ဆိုပါစို့။ ပထမမေးခွန်းကိုရွေးပြီး ဖြေမယ်ဆိုရင် အဖြေက The saliva of the female mosquito helps her to penetrate the skin and prevents blood clots from developing in her food canal. လို့ ဖြေရပါမယ်။

ဒုတိယမေးခွန်းကိုရွေးပြီးဖြေမယ်ဆိုရင် အဖြေက Cranes and mechanical diggers can pick up things and move them around. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ Unit (၁၄)ခုစလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့လိုပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 3 နဲ့ item 4 မှာမေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက ပထမတစ်မျိုးကတော့ Who said these words and to whom were they said? From which unit are the words taken? ဥပမာ Who said these words and to whom were they said? From which unit are the words taken?

" You" she said, "are an inquisitive little boy." လို့မေးရင်အဖြေက Jenny Tier Bishop said these words to her son, Jim Bishop. The words are taken from (the story) "Dreams Do Come True." ဖြစ်ပါတယ်။

သို့မဟုတ် နောက်တစ်မျိုးက Who said these words and to whom were they said? What do they mean? ဖြစ်တယ်။ ဥပမာ Who said these words and to whom were they said? What do they mean?

My Helen folded her napkin! လို့မေးရင်အဖြေက Mrs. Keller said these words to Annie Sullivan. They mean that when Annie Sullivan told Mrs. Keller that Helen Keller ate with a spoon and folded her napkin, she exclaimed in surprise, repeating what Annie said because she couldn't believe that her daughter, Helen folded her napkin.

Question No. IV Item 3 & 4 မေးနိုင်တဲ့ အလားတူမေးခွန်းပုံစံနောက်တစ်မျိုးကတော့ What is the title of the unit from which the sentence is taken? What does the underlined word refer to? အဲဒီစာကြောင်းထဲမှာ she, he, it, you, we, they, its, his, her, their စသဖြင့် pronoun တွေ posessive pronoun တွေပါခဲ့ရင် အဲဒီ pronouns တွေဟာ ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲဖော်ပြ ဖြေဆိုရမှာဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken?

What does the underlined word, 'its' in the sentence refer to?

Visitors must not miss Kuala Lumpur or KL, the capital with <u>its</u> sights to keep the tourist occupied. လို့မေးရင် အဖြေက The title of the unit from which the sentence is taken is 'Travel in Southeast Asia I.' The underlined word, 'its' in the sentence refers to 'Kuala Lumpur's.' ဖြစ်ပါမယ်။

ဒါမှမဟုတ် နောက်တစ်မျိုးမေးနိုင်တာကတော့ What is the title of the unit from which the sentence is taken? What does the following *စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

စာမျက်နှာ ၁၅ မှ

sentence mean? ဆိုတဲ့မေးခွန်းမျိုးဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the following sentence mean?

Looking good does not mean making yourself into a carbon copy of a famous pop star. လို့ မေးလာရင် အဖြေက The title of the unit from which the sentence is taken is 'Looking Good'. The sentence means that 'looking good' does not mean making yourself to look exactly the same as a famous pop star. လို့ဖြေရပါမယ်။ မေးခွန်းရဲ့ဒုတိယအပိုင်းဖြစ်တဲ့ What does the following sentence mean? ဆိုတဲ့ မေးခွန်းမှာ Unit (၁၄)ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ဆိုလိုရင်းကို မေးတာဖြစ်တယ်။ ဒီအဖြေက နမူနာအဖြေသာဖြစ်တယ်။ ဒီစာကြောင်းရဲ့ ဆိုလိုရင်းကိုပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 5 ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲဖြစ်တယ်။ What do these lines mean? လို့မေးမှာဖြစ်တယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။

ဥပမာ What do these lines mean?

What is this life if, full of care,-

We have no time to stand and stare? ဆိုတဲ့ Leisure ကဗျာထဲက စာကြောင်းနှစ်ကြောင်းကို ပေးထားတယ်ဆိုပါစို့။ အဲဒီ ကဗျာနှစ်ကြောင်းရဲ့ စကားပြေကို ပြန်တဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

မေးခွန်းနံပါတ် (၅)က မေးခွန်းနံပါတ် (၁) B လိုပဲ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း (၅)ခုကိုဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ဝါကျတွေ တည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ ဒီမေးခွန်းတွေက (၂)မှတ်တန် မေးခွန်းတွေဖြစ်လို့ မေးခွန်းနံပါတ် (၄) က မေးခွန်းတွေလိုပဲ အဖြေတစ်ဝက် မှန်ရင်လည်း အမှတ်တစ်ဝက်ရပါတယ်။ ဥပမာ၊ Between the ages of 10 and 14 most boys and girls begin to notice changes taking place to their bodies. Your body alters in shape and size, and your face changes too. လို့ပေးထားပြီး What changes take place to the bodies of most boys and girls between the ages of 10 and 14? လို့ မေးရင် စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်မကူးဘဲ The bodies of most boys and girls alter in shape and size, and their faces change between the ages of 10 and 14. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၆) ကတော့ Punctuation mark တွေကို မှန်အောင်ထည့်ခိုင်းတဲ့ မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့ မေးမှာ ဖြစ်တယ်။ Capital, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်မတတ် စစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းတွေကိုရော၊ ပြဋ္ဌာန်းစာအုပ်ထဲမှာမပါတဲ့ ဝါကျတွေကိုလည်း မေးနိုင်တယ်။ ဘယ်ဝါကျပဲမေးမေး အဓိကတော့ Punctuation marks တွေဟာ ဘာတွေလဲ၊ ဘယ်လိုသုံးရမလဲဆိုတာ သိဖို့အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့မလိုပါဘူး။ အလေ့အကျင့်များများ လုပ်ပေးဖို့လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့ အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter နဲ့ ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ မေးခွန်းဆိုရင် အဆုံးမှာ question mark နဲ့ အဆုံးသတ်ဖို့ လူတစ်ဦးတစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့ အဆုံးမှာ inverted commas တွေသုံးဖို့ သိရပါမယ်။ ဥပမာ၊ the teacher said to thawdar why don't you play with your friends? ဆိုတဲ့ ဝါကျကိုကြည့်ရင် ဝါကျရဲ့အစ စကားလုံးဖြစ်တဲ့ the ကို capital letter နဲ့ရေးရပါမယ်။ ပြီးတော့ thawdar ဆိုတာ လူနာမည်ဖြစ်လို့ capital letter နဲ့ ရေးရပါမယ်။ the teacher said to thawdar ဆိုတဲ့ direct speech နဲ့ ရေးတဲ့ ဝါကျရဲ့ နိဒါန်းပျိုးတဲ့ စကားပုဒ် (introductory clause)ရဲ့ အဆုံးမှာ comma ရှိပါမယ်။ ဆရာမက thawdar ကို Why don't you play with your friends? လို့ မေးတဲ့အတွက် မေးခွန်းကို capital letter နဲ့ စရေးရပါမယ်။ ပြီးတော့ မေးခွန်းကို question mark နဲ့ အဆုံးသတ်ရပါမယ်။ ဒီမေးခွန်းဟာ ဆရာမက မေးလိုက်တဲ့ direct speech နဲ့ မေးတဲ့မေးခွန်းဖြစ်လို့ မေးခွန်းရဲ့ အစနဲ့ အဆုံးမှာ inverted commas ရှိရပါမယ်။

မေးခွန်းနံပါတ်(၇)မှာ အပိုင်းနှစ်ပိုင်းပါဝင်ပါတယ်။ **မေးခွန်းနံပါတ်(၇) ပထမပိုင်း VIIA** က Stylistic Transformation လို့ခေါ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given လို့မေးမှာဖြစ်တယ်။ ပေးထားတဲ့ဝါကျ (၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာ ဖြစ်တယ်။ Grade 10 နဲ့ Grade 11 ပြဋ္ဌာန်းစာအုပ်တွေထဲမှာ ဒီလိုအဓိပ္ပာယ် မပြောင်းလဲဘဲ တည်ဆောက်ပုံ မတူတဲ့ဝါကျတွေ ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေ သင်ခန်းစာတိုင်းမှာပေးထားတဲ့အတွက် အဲဒီ Grammar Exercise တွေများများလေ့ကျင့်ထားဖို့ လိုတယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VIIB ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကို သုံးပြီး စာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုးမလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on: ——ဆိုပြီး ရွေးစရာ(၂)ပုဒ်ပေးပါမယ်။ ကိုယ်ပိုင်တဲ့တစ်ပုဒ်ကိုရွေးပြီး ရေးပါ။ မလိုတာတွေထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကိုပြန်သုံးပြီး ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေတည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ ဝါကျတွေ ဆောက်တတ်ဖို့လိုတယ်။ ဥပမာ Malaria အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့ ပေးထားတဲ့ prompts တွေက

Malaria

- malaria — caused — protozoal parasites — spread — only 60 — 380 species — anopheline mosquito
- tropical disease — especially occurs — rainy seasons လို့ ပေးထားတယ်ဆိုပါစို့။

ပထမဝါကျမှာ Malaria ဟာ protozoal parasites ကြောင့် ဖြစ်ပွားတယ်လို့ အဓိပ္ပာယ်ရလို့ passive verb ဖြစ်တဲ့ "is caused by protozoal parasites" လို့ ရေးရပါမယ်။ ဝါကျမှာ နောက်ထပ်အကြောင်းအရာတစ်ခုဖြစ်တဲ့ Anopheline mosquito ကြောင့်ပြန့်ပွားတယ်ဆိုတဲ့ အဓိပ္ပာယ်ရလို့ and ဆိုတဲ့ conjuction နဲ့ဆက်ပြီး passive verb 'is spread by the Anopheline mosquito' လို့ ပြန်ရေးပေးရပါမယ်။ ဒါပေမယ့် ဒီနေရာမှာ Anopheline mosquito အမျိုးပေါင်း 380 ရှိတဲ့ အထဲမှာမှ 60 မျိုးကြောင့် ဖြစ်ပွားတယ်ဆိုတဲ့ အဓိပ္ပာယ်ရလို့ only 60 of the 380 species of the Anopheline mosquito လို့ ပြန်ရေးရပါမယ်။

ဒုတိယဝါကျကိုပြန်ကြည့်ရင် malaria အကြောင်းကိုပဲ ဆက်ပြောတာဖြစ်လို့ subject က malaria ပဲ ဖြစ်ပါတယ်။ ဒါကြောင့် malaria အစား 'It' လို့ ရေးရပါတယ်။ malaria ဟာ tropical disease ဖြစ်တယ်လို့အဓိပ္ပာယ်ရလို့ ဖြစ်ခြင်းပြတဲ့ verb to be လိုပါတယ်။ ဒါကြောင့် tropical disease ကလည်း တစ်မျိုးကိုသာပြောတာကြောင့် a tropical disease လို့ပြန်ရေးရပါမယ်။ ဝါကျက နောက်တစ်ပိုင်းကျန်သေးလို့ conjuction 'and'နဲ့ဆက်ရပါမယ်။ အကြောင်းအရာကိုကြည့်ရင်လည်း Rainy seasons တွေမှာ အထူးသဖြင့် ဖြစ်ပွားတတ်တယ်လို့ဆိုတဲ့အတွက် malaria အကြောင်းကိုပဲ ဆက်ပြောတာဖြစ်လို့ subject က ရည်ညွှန်းပြီးသားဖြစ်လို့ pronoun 'it' ကို သုံးပါမယ်။ ပြီးတော့ rainy seasons တွေမှာဖြစ်လို့ during သို့မဟုတ် in rainy seasons လို့ ပြောနိုင်ပါတယ်။ ဒါကြောင့် ဒီဝါကျကို အပြည့်အစုံပြန်ပြောမယ်ဆိုရင် It is a tropical disease and it expecially occurs during/ in rainy seasons. ဖြစ်ပါတယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင် ပြန်ရေးရာမှာ article တွေဖြစ်တဲ့ "a "တို့ "an"တို့ "the" တို့လိုရင် ထည့်ရမယ်။ verb to be ဖြစ်တဲ့ " am" တို့ "is" တို့ "are"တို့ လိုရင်ထည့်ပေးရမယ်။ preposition တွေဖြစ်တဲ့ "of " တို့ " by"တို့ "in" တို့လိုရင် ထည့်ပေးရပါမယ်။

မေးခွန်းနံပါတ်(၈) ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့မေးခွန်း(၃) ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ပဲ ဖြေရပါမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာ ဖတ်ဖို့ပဲ ဖြစ်တယ်။ ဒီနေရာမှာ -(၁) စာရေးမယ့်သူက ဘယ်သူလဲဆိုတာ သိဖို့လိုပါတယ်။ (၂) ဘယ်သူ့ဆီကိုရေးရမလဲဆိုတာကြည့်ပါ။ (၃)ဘာအကြောင်းအရာရေးရမလဲဆိုတာ အရင်သေသေချာချာ ဖတ်ပါ။ ရေးခိုင်းတဲ့အကြောင်းအရာ တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

အရေးကြီးတဲ့ အချက်တစ်ချက်ကတော့ မေးခွန်းမှာစာရေးသူ (addresser) နဲ့ စာလက်ခံရရှိမယ့်သူ (addressee) တွေရဲ့နာမည်နဲ့ လိပ်စာကိုပေးထားပြီးသားဖြစ်တယ်။ ဒါကြောင့် ကိုယ်ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်၊ ဘယ်ကျောင်း ဘယ်မြို့နယ်ကဖြစ်တယ်ဆိုတာ လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။

ဒီမေးခွန်းကိုကြည့်ကြရအောင်၊ You are Bo Bo. You live at No.1, Pagoda Road, Pyay. Write a letter to your friend, Aung Aung who lives in Bago, telling him about the English proficiency course you are attending and what you have learnt from the course. ဒီမေးခွန်းကို ကြည့်ရင်စာရေးမယ့်သူက Bo Bo ဖြစ်တယ်။ ဘယ်သူ့ဆီကိုရေးမလဲဆိုတော့ Aung Aung ဆီကို ရေးရမှာဖြစ်လို့ Dear Aung Aung လို့ စရေးမယ်။ ပြီးတော့ ရေးခိုင်းတဲ့အကြောင်းအရာကို ကြည့်မယ်ဆိုရင် လက်ရှိမိမိတက်နေတဲ့ English proficiency course အကြောင်းရယ်၊ what you have learnt from the course အဲဒီသင်တန်းတက်လို့ ဘာတွေ သင်ယူတတ်မြောက်လာတယ်ဆိုတဲ့ အကြောင်းအရာ နှစ်ချက်ပါတဲ့အတွက်ကြောင့် နှစ်ချက်လုံးပါအောင်ရေးမှသာ အမှတ်ကောင်းကောင်းရမှာ ဖြစ်တယ်။ အလွတ်ကျက်ထားတဲ့စာတွေကို ရေးပေးလိုက်တာမျိုး မဖြစ်ပါစေနဲ့။ ရေးရမယ့်အကြောင်းအရာကို မသိဘဲ အလွတ်ကျက်ထားတာအားလုံးချရေးပြီး ဖြေတာမျိုးဟာ အမှတ်မရနိုင်ပါဘူး။ လိုရင်းအချက်အားလုံးပါမှ အမှတ်ကောင်းကောင်းရပါမယ်။

မေးခွန်းနံပါတ်(၉) ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ခေါင်းစဉ် (၃)ခုထဲက ကြိုက်ရာတစ်ခုကို ရေးရမှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ ပေးစာတွေကို ကောင်းအောင် ရေးနိုင်ဖို့

(၁) Organization -ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(၂) Relevancy-သက်ဆိုင်မှုရှိခြင်း။ မိမိရေးရမယ့်အကြောင်းအရာနဲ့သက်ဆိုင်တာကိုပဲ ရေးရမှာဖြစ်တယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့အကြောင်းအရာတွေကို ရေးခဲ့ရင် သက်ဆိုင်မှုမရှိဘူးလို့သတ်မှတ်မှာဖြစ်လို့ အမှတ်မရနိုင်ပါဘူး။

(၃) Content-အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့်အကြောင်းအရာနဲ့စပ်လျဉ်းတဲ့အချက်အလက်နဲ့ ဥပမာတွေကိုပြည့်ပြည့်စုံစုံထည့်သွင်းရေးသားနိုင်ဖို့လိုပါတယ်။

(၄) Language-အသုံးအနှုန်းမှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုးရေးတတ်ခြင်းတို့ ဖြစ်တယ်။

(၅) Presentation-တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူ ဖတ်လို့ကောင်းအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရပါမယ်။

ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့စာတွေ၊ စာစီစာကုံးတွေကို တချို့ကျောင်းသားတွေရေးတာကိုတွေ့ရပါတယ်။ ပေးစာများကို ငါးမျက်နှာခြောက်မျက်နှာလောက်ရေးတာ၊ စာစီစာကုံးကိုလည်း ၁၀ မျက်နှာ ၁၂ မျက်နှာလောက်ရေးပြီး ရေးတဲ့အကြောင်းအရာတွေ ကျစ်လျစ်ထိမိမှုမရှိတာ၊ ဆက်စပ်မှုမရှိတာတွေကို တွေ့ရပါတယ်။ အကြောင်းအရာတွေကို မနိုင်မနင်း အဆက်အစပ်မရှိပဲ ထပ်ခါတလဲလဲ ရေးတာမျိုးကိုလည်းရှောင်ကြဉ်ကြပါ။ မေးထားတဲ့ အကြောင်းအရာက တစ်ချက်လား နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပါ။

ဥပမာ စာစီစာကုံးခေါင်းစဉ်Interesting places in Myanmar ဆိုတဲ့ခေါင်းစဉ်ရေးခိုင်းတယ်ဆိုပါစို့။ မြန်မာနိုင်ငံမှာရှိတဲ့ စိတ်ဝင်စားစရာကောင်းတဲ့ နေရာများအကြောင်းရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်တယ်။ နေရာတစ်နေရာတည်းအကြောင်းကိုပဲ ရေးမယ်ဆိုရင် အမှတ်ကောင်းကောင်းမရနိုင်ပါဘူး။ တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit(၁၄)ခုလုံးက စာပိုဒ် passages တွေကို တစ်ခုမကျန် သေသေချာချာဖတ်ရှုမှတ်သားဖို့၊ ပေးထားတဲ့ လေ့ကျင့်ခန်းတွေကို များများပြုလုပ်ကြဖို့၊ ကဗျာတွေကိုလည်း အလွတ်ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ဒါမှ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာဖြစ်တယ်။တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့်ကျောင်းသူ ကျောင်းသားအားလုံး မိမိတို့ကျက်မှတ်ရမယ့် စာတွေကိုစနစ်တကျ ကျက်မှတ်လေ့လာပြီး အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။ ။

ဆီအုန်း ကေ(၅)သိန်း ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်စိုက်ပျိုး
ဒေသဝမ်းစာဖူလုံရေးနှင့် ရော်ဘာတိုးချဲ့စိုက်ပျိုးရေး အလေးထားဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီခွဲတွင် ထားဝယ်မြို့ရှိ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

အမှာစကား ပြောကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ထားဝယ်မြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ထားဝယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေတို့က မြေအသုံးချမှု၊ မိုးရွာသွန်းမှု၊ အဓိကသီးနှံ (၁၀)မျိုး ပန်းတိုင်အထွက်နှုန်းရရှိမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု၊ လူတစ်ဦးချင်းဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ၍ ဒေသ၏ လိုအပ်ချက်များကို တင်ပြကြသည်။

ဆက်လက်၍ ဒေသခံလုပ်ငန်းရှင်များဖြစ်ကြသော ဦးခင်မောင်အေး၊ ဦးကျော်သောင်းနှင့် ဦးကျော်ကျော်ဦးတို့က ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ ထားဝယ်မြစ်ကြောင်းလမ်း ဖွင့်လှစ်ရေး၊ ရေဖြူမြို့နယ် ထားဝယ်မြစ်ကူးတံတားတည်ဆောက်ရေး၊ ပညာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာကိစ္စရပ်များ ပံ့ပိုးဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက ဒေသအတွင်း လျှပ်စစ်ဓာတ်အားရရှိရေး၊ ဆက်သွယ်ရေးနှင့် ထားဝယ်မြစ်ကြောင်းရှင်းလင်းရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တနင်္သာရီတိုင်းဒေသကြီး၏ ပထဝီအနေအထား၊ ရေမြေသယံဇာတအရ သတ္တုနှင့် ရေလုပ်ငန်း ဆောင်ရွက်နိုင်မှု၊ ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်း စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်မည့် အခွင့်အလမ်းများရရှိထားမှု၊ နယ်စပ်ဒေသတံခါးပေါက်များ၊ ဆိပ်ကမ်းများပိုင်ဆိုင်ထားရာ ရှိရင်းသယံဇာတများကို အကျိုးရှိစွာ အသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဘဏ်လုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာမူဝါဒများ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က *စာမျက်နှာ ၈ ကော်လံ ၁* ■

ရေလုပ်ငန်း အောင်မြင်သည့်ဒေသဖြစ်၍ ရေလုပ်ငန်းပိုမိုတိုးတက်လာစေရေး အလေးထားလုပ်ကိုင်
နိုင်ငံတော်က ဖော်ဆောင်နေသည့် လုပ်ငန်းစဉ်များ အောင်မြင်ရေး ဥပဒေနှင့်အညီ ပေါင်းစပ်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၂၃ ရက်တွင် ထားဝယ်မြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာရာ မြိတ်မြို့သို့ ညနေ ၃ နာရီခွဲတွင် ရောက်ရှိသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြိတ်လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ မြိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးတို့က ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ ရေထွက်ပစ္စည်းများ တင်ပို့ထုတ်လုပ်မှု၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု၊ လူတစ်ဦးချင်းဝင်ငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် ဒေသ၏ လိုအပ်ချက်များကို တင်ပြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ◆

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာသင်ခန်းစာကို ဖော်ပြထားပါသည်။